ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၅၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၈ ရက် )**

**[တနင်္လာနေ့]**

**အခမ်းအနားမှူး။** ။ ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၆)ရက်မြောက်နေ့ ကျွန်တော်တို့ ဒီကနေ့ ၈-၆-၂၀၁၅ ရက်နေ့ (တနင်္လာနေ့) ၁၃း၃၀ နာရီအစား ၉-၆-၂၀၁၅ ရက်နေ့ (အင်္ဂါနေ့) ၁၃း၃၀ နာရီအချိန် ပြောင်းလဲထားပါကြောင်း ကြေညာပေးရန် အကြောင်းကြားလာခြင်း အား သိရှိနိုင်ပါရန် တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၈)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၅၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၈)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၀.၄၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၅၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကော်မတီတာဝန်ဖြင့်ခရီးသွား။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ငင်းအတိုင်း။ ဦးတင်ရှန်၊ တနင်္သာရီ(၆)၊ ၎င်းအတိုင်း။ ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ပြည်ပခရီးစဉ်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်၊ တာဝန်။ ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးမျိုးထွန်းအောင်၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးသန်းထိုက်၊ တပ်မတော်၊ ကျန်းမာရေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကျန်းမာရေး။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး (၆)၊ ကော်မတီတာဝန်ဖြင့်ခရီးသွား။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကျန်းမာရေး။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊

ဒေသဖွံ့ဖြိုးရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကော်မတီကိစ္စဆောင်ရွက်ရန်။ ဦးဌေးမောင်၊ မန္တလေး(၁၂)၊ ငွေအတိုင်း။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကျန်းမာရေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ကော်မတီတာဝန်။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောအုန်း၊ မွန်(၉)၊ မိသားစုအလှူကိစ္စ။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ကျန်းမာရေး။ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဦးအုန်းတင်၊ ရခိုင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကျန်းမာရေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါက်တာထွန်းလွင်၊ ကချင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**နိုင်ငံတစ်ဝန်း မြို့နယ်များ၏ မြေအောက်ရေ ထုတ်ယူသုံးစွဲမှုကို သုတေသနပြုလုပ်၍ မှတ်တမ်းတင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က နိုင်ငံတစ်ဝန်း မြို့နယ်များ၏ မြေအောက်ရေ ထုတ်ယူသုံးစွဲမှုကို သုတေသနပြုလုပ်၍ မှတ်တမ်းတင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များနဲ့ ပညာရှင်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတစ်ဝန်း မြို့နယ်များရဲ့ မြေအောက်ရေထုတ်ယူသုံးစွဲမှုကို သုတေသနပြုလုပ်၍ မှတ်တမ်းတင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကိုမေးရတဲ့ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ အစားထိုးလို့ မရတဲ့ဘိုးဘွားအမွေအနှစ်တွေကို ထိန်းသိမ်းဖို့၊ အနာဂတ်မျိုးဆက်သစ်တွေ ရေသယံဇာတကို ရေရှည်သုံးစွဲနိုင်ရန်အတွက် ရည်ရွယ်ပြီးမေးမြန်းခြင်း ဖြစ်ပါတယ်။ ကမ္ဘာကြီးကပူနွေးလာပြီးတော့ ရာသီဥတု ပြောင်းလဲမှု ပြင်းထန်လာတဲ့အတွက်ကြောင့်မို့လည်းကောင်း၊ မြို့နေလူဦးရေ ထူထပ်သိပ်သည်းလာတဲ့ အတွက်ကြောင့် မြို့နယ်များမှာ နေ့စဉ်ရေချိုလိုအပ်ချက်ဟာ တစ်နေ့တခြားပိုမိုများပြားလာပါတယ်။ စည်ပင်သာယာနယ်နိမိတ် ပြင်ပနှင့် ရေပေးဝေရေးစနစ်မရရှိတဲ့ လူနေရပ်ကွက်များမှာ ရေလိုအပ်ချက်ကြောင့်မို့လို့ မြေအောက်ရေကို ထုတ်ယူသုံးစွဲမှုတွေ များပြားလာပါတယ်။

ဒီ မြေအောက်ရေခိုအောင်းတဲ့ရေပြန်ဖြည့်နိုင်သောအလွှာနှင့် ရေပြန်မဖြည့်နိုင်သော အလွှာ အတွင်းမှာရှိတဲ့ ရေအရင်းအမြစ်ပမာဏကို သိရှိရန်အတွက် စနစ်တကျ လေ့လာပြီးတော့ ရေအောင်းလွှာ မြေပုံရေးဆွဲထားဖို့ လိုအပ်မှာဖြစ်ပါတယ်။ မြို့နယ်များမှာ မြေအောက်ရေ ထုတ်ယူ သုံးစွဲမှု အခြေအနေ၊ ကျန်ရှိတဲ့ အခြေအနေနှင့် ထုတ်ယူသုံးစွဲနိုင်မှု အခြေအနေတို့ကို သိရှိဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အိမ်နီးချင်းထိုင်းနိုင်ငံမှာ မြေအောက်ရေကို အလွန်အကျွံ ထုတ်ယူသုံးစွဲတဲ့အတွက်ကြောင့် ဘန်ကောက်မြို့ဟာ မူလမြေမျက်နှာပြင်ထက် တစ်မီတာလောက် နိမ့်သွားတယ်လို့ ပညာရှင်

တွေ သုံးသပ်တင်ပြချက်များရှိပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ရန်ကုန်နဲ့ မန္တလေးမြို့များမှာ နေ့စဉ် ရေချိုဖြန့်တီးမှု မရှိစေရန် သတိပြုရမှာ ဖြစ်ပါတယ်။

အခု မကြာခင်က ရန်ကုန်မြို့မှာဆိုလည်း လူမှု website များမှာ ဒီကိစ္စတွေအကျယ်တဝင့် တင်ပြတာတွေလည်းရှိပါတယ်။ ဒီရန်ကုန်မြို့ဟာ လူဦးရေများပြားတယ်၊ မြေအောက်ရေသုံးစွဲမှု ပိုမို လာတယ်။ ဒီအထပ်မြင့်တိုက်တွေမှာ မြေအောက်ထပ်တွေထည့်သွင်းပြီး ဆောက်လာတဲ့အတွက်ကြောင့် မို့လို့ ရေစိမ့်ဝင်မှုပမာဏက နည်းပါတယ်။ ဒါကြောင့်မို့လို့ ကမ္ဘာ့အံ့ဖွယ်တစ်ပါးဖြစ်တဲ့ ရွှေတိဂုံစေတီ တော်ကြီးရဲ့ သိင်္ဂုတ္တရကုန်းတော်ကြံ့ခိုင်ရေးကိုပါ အထူးအလေးထားလာတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ နှစ်လေးဆယ်လောက်ကတော့ ဒီကုန်းတော်မှာမြေပြိုမှုတစ်ခါဖြစ်တာကို ကျွန်တော်တို့ ကြုံဖူးပါတယ်။ ဒီမြေပြိုမှုမဖြစ်ခင်မှာလည်း ဓာတ်လှေကားကြီးနဲ့ သာသနိက အဆောက်အအုံတွေကို ရွှေ့ပြောင်းပါတယ်။ ဒီရွှေ့ပြောင်းပြီး တစ်နှစ်အတွင်းမှာပဲ အနောက်ဘက်မုဒ်က မြေပြိုတာလွန်ခဲ့တဲ့ နှစ်လေးဆယ်က ကျွန်တော်တို့ကိုယ်တိုင်လည်း တွေ့မြင်ခဲ့ဖူးပါတယ်။

နောက် မန္တလေးမြို့မှာဆိုရင်လည်း ကျွန်တော်တို့ စစ်ကိုင်းပြတ်ရွေ့ လျှောင်ဟာ (၈၄) လမ်းရဲ့ အောက်ပိုင်းပေါ့နော်။ (၆)မိုင်နဲ့ (၈)မိုင်လောက်ပဲ ကွာဝေးပါတယ်။ ဒါကြောင့် လျှောင်ဒဏ်ရှိတဲ့ အတွက် ကြောင့်မို့လို့လည်း ဒီကိစ္စဟာ အထူးလိုအပ်တဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါတဲ့ အတွက် နိုင်ငံတစ်ဝန်းမြို့နယ်များရဲ့ မြေအောက်ရေထုတ်ယူသုံးစွဲမှုကို သုတေသနပြုလုပ်၍ မှတ်တမ်း တင်ရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အများပြည်သူကိုယ်စား မေးမြန်းအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြု အပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ရဲ့ နိုင်ငံတစ်ဝန်းမြို့နယ်များ၏ မြေအောက်ရေထုတ်ယူသုံးစွဲမှုကို သုတေသနပြုလုပ်၍ မှတ်တမ်းတင်ရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့မေးမြန်းချက်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်ဇော် အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ဝန်းမြို့နယ်များ၏ မြေအောက်ရေ တည်ရှိမှု၊ မြေအောက်ရေထုတ်ယူသုံးစွဲမှုနှင့် အရည်အသွေးစသည်တို့ကို စနစ်တကျ သုတေသန ပြုလုပ်၍ မှတ်တမ်းတင်ထားရှိခြင်း မရှိသေးပါကြောင်း ဦးစွာပထမ ဖြေကြားအပ်ပါတယ်။ မြေအောက်

ရေထုတ်ယူသုံးစွဲခြင်းနှင့် ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအပြင် အခြား အဖွဲ့အစည်းများဖြစ်သည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် မြို့တော် စည်ပင်သာယာရေးကော်မတီများ၊ မြို့ရေပေးဝေရေးကော်မတီများ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်း များ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသနေပြည်သူတစ်ဦးချင်း အနေဖြင့်လည်း သောက်သုံး ရေ၊ စိုက်ပျိုးရေနှင့် စက်မှု၊ လက်မှုလုပ်ငန်းသုံး ရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်၍ မြေအောက်ရေထုတ်ယူသုံးစွဲလျက်ရှိပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ စိုက်ပျိုးရေရရှိရေးလုပ်ငန်းကို အဓိက တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ဆည်မြောင်းလုပ်ငန်းများနှင့် မြစ်ရေတင်လုပ်ငန်းများမှ ရေပေးဝေ နိုင်မှုမရှိသော မိုးရွာသွန်းမှုနည်းပါးသည့်ဒေသများတွင် စိုက်ပျိုးရေရရှိရေးအတွက် မြေအောက်ရေ ထုတ်ယူသုံးစွဲရန် စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိပါတယ်။ ထို့အတူ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် ဒေသလိုအပ်ချက် အပေါ်မူတည်၍ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများကိုလည်း ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စက်ရေတွင်းတူးလုပ်ငန်းများ ဆောင် ရွက်ရာတွင် စက်ရေတွင်းမတူးဖော်မီရေရရှိနိုင်မှု အလားအလာသိရှိနိုင်ရန် ဘူမိရူပဗေဒ တိုင်းတာခြင်း (Geophysical Survey)၊ စက်ရေတွင်းတူးဖော်စဥ် အနက်ပေအလိုက်မြေသဘာဝ မှတ်တမ်းများ စနစ်တကျပြုစုထားရှိခြင်းနှင့် တွင်းတူးရာတွင် တူရွင်းဖောက်ထွင်းနှုန်း (Penetration Rate) မှတ်တမ်းတင်ထားရှိခြင်း၊ စက်ရေတွင်းပိုက်မချမီရေအောင်းလွှာတည်နေရာ (Geophysical Bore Hole Logging) တိုင်းတာမှတ်သားခြင်း၊ စက်ရေတွင်းဒီဇိုင်း (Well Design) ရေးဆွဲခြင်း၊ ရေမှုတ် စမ်းသပ်ခြင်း (Pumping Test)၊ မြေအောက်ရေအရည်အသွေး သိရှိမှတ်တမ်းတင်နိုင်ရန် ရေနမူနာ ဓာတ်ခွဲစမ်းသပ်ခြင်းနှင့် တူးဖော်ပြီးစက်ရေတွင်း မှတ်တမ်းများကို စနစ်တကျ ပြုစုထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးက မေးမြန်းသော နိုင်ငံတစ်ဝန်း မြို့နယ်များ၏ မြေအောက်ရေထုတ်ယူသုံးစွဲမှုကို သုတေသနပြုလုပ်၍ မှတ်တမ်းတင်ရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းစဥ် အဆင့်ဆင့်အား ဆောင်ရွက်ရန် လိုအပ်ပါတယ်။ (က) မြို့နယ်အလိုက် မြေအောက်ရေထုတ်ယူသုံးစွဲမှုပမာဏ စစ်တမ်းကောက်ယူမှု ဆောင်ရွက်ခြင်း၊ (ခ) မြို့နယ်အလိုက် ရေအောင်းလွှာအလိုက် မြေအောက်ရေပြန့်နှံ့တည်ရှိမှု အခြေအနေပြမြေပုံများ ပြုစုခြင်း၊ (ဂ) မြို့နယ် အလိုက် မြေအောက်ရေထုတ်ယူရရှိနိုင်မည့် ပမာဏများ ခန့်မှန်းတွက်ချက်ပြုစု ထားရှိခြင်း၊ (ဃ) မြေအောက်ရေအရည်အသွေး အကဲဖြတ်လေ့လာမှုများကို ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်ရယူ ဆောင်ရွက်မှတ်တမ်းတင်ခြင်း၊(င)မြေအောက်ရေပမာဏတိုးလာမှု၊လျော့ကျလာမှုအတွက် မြေအောက် ရေ ရေနေအနက်ပေနှင့် ရေအရည်အသွေး ပြောင်းလဲလာမှုတို့ကို တိုင်းတာသိရှိနိုင်မည့် ခေတ်မီ စက်ကိရိယာများ တပ်ဆင်ထားသည့် စောင့်ကြည့်လေ့လာတွင်း (Monitoring Well)များ မြို့နယ် အဆင့်တွင် တူးဖော်ဆောင်ရွက်သွားရန် လိုအပ်ခြင်း၊ (စ) နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များ အပါအဝင် မြေအောက်ရေအများအပြား ထုတ်ယူသုံးစွဲလျက်ရှိသော စက်ရုံ၊ အလုပ်ရုံ ဇရိယာများနှင့်

စိုက်ပျိုးရေးအတွက် မြေအောက်ရေတွင်း တူးဖော်ထားသော နေရာများအား ဦးစားပေး ရွေးချယ်လေ့လာသွားရန်လိုအပ်ခြင်း၊ (ဆ) ရေနှင့် ပတ်သက်၍ ဆက်နွယ်ဆောင်ရွက်နေသော အဖွဲ့အစည်းများအကြား မြေအောက်ရေနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ မျှဝေပူးပေါင်း ဆောင်ရွက်ပြီး မြေအောက်ရေ အခြေခံအချက်အလက်နှင့် သတင်းမှတ်တမ်းထားသိုမှုစနစ် Groundwater Database and Information System တစ်ခု ထူထောင်ရန် လိုအပ်ခြင်း၊ (ဇ) မြေအောက်ရေ ထုတ်ယူသုံးစွဲမှုနှင့် ပတ်သက်၍ လိုအပ်သော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းပေးရန် လိုအပ်ခြင်းတို့ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြေအောက်ရေနှင့် သက်ဆိုင်သည့် ဥပဒေပြုမှု သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နည်းပညာ၊ ကျွမ်းကျင်မှု၊ အစိုးရဌာနများနှင့် ဆက်စပ်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အချိန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခု ဖြစ်သည့်အတွက် ကိုယ်စားလှယ်တော်ကြီး မေးမြန်းသော နိုင်ငံတစ်ဝန်း မြို့နယ်များ၏ မြေအောက်ရေ သုတေသနမှတ်တမ်းတင်ခြင်းလုပ်ငန်းကို နိုင်ငံတော်အဆင့် ဖွဲ့စည်းထားရှိသည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (National Water Resources Committee) ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဆောင်ရွက်သင့်သော လုပ်ငန်းဖြစ်ပါကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြန်မာခိုင်းနွားများအား စည်ပင်သာယာမှ ခွင့်ပြုချက်အပြင် အပို-အခြားနည်းဖြင့် သားသတ်ခြင်းလုပ်ငန်း၊ ဝယ်ယူရောင်းဝယ်ခြင်း၊ ပြည်ပနိုင်ငံများသို့ ရောင်းခြင်းများအား အခြားမည်သည့် ဥပဒေနှင့် အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးသက်နိုင်ဦး က မြန်မာခိုင်းနွားများအား စည်ပင်သာယာမှ ခွင့်ပြုချက်အပြင် အပို-အခြားနည်းဖြင့် သားသတ်ခြင်း လုပ်ငန်း၊ ဝယ်ယူရောင်းဝယ်ခြင်း၊ ပြည်ပနိုင်ငံများသို့ ရောင်းခြင်းများအား အခြားမည်သည့် ဥပဒေနှင့် အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့ဝင် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မြန်မာခိုင်းနွားများအား စည်ပင်သာယာမှ ခွင့်ပြုချက်အပြင် အပို-အခြားနည်းဖြင့် သားသတ်ခြင်းလုပ်ငန်း၊ ရောင်းဝယ်ခြင်း၊ ပြည်ပနိုင်ငံများသို့ ရောင်းခြင်းများအား အခြားမည်သည့် ဥပဒေနှင့် အရေးယူဆောင်ရွက်နေသည်ကို သိရှိလို၍ မေးမြန်းလိုခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံရှိ မြန်မာ့ခိုင်းနွားများအား မြို့နယ် စည်ပင်သာယာ သားသတ်လိုင်စင်အရ သားသတ်ခြင်းလုပ်ငန်းများ ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်ခွင့် ပြုထားသော်လည်း လိုင်စင်ခွင့်ပြုချက်မရှိ၊ သယ်ယူဝယ်ယူခွင့်မရှိသော နွားပွဲစားများ

ရှိနေတာကိုတွေ့ရှိ မြင်တွေ့ နေရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကျွဲ၊ နွားများကို အားကိုးပြီး စိုက်ပျိုးရေးလုပ်ကိုင်လာခဲ့ကြပါတယ်။ ခေတ်တွေ ပြောင်းလဲလာတဲ့အလျောက် စက်မှုထွန်းကားလာတဲ့ အလျောက် ကျွဲ၊ နွားများကို စွန့်လွှတ်နိုင်ခြင်း မရှိကြပါဘူး။ လူတိုင်းစေ့ စက်တွေမဝယ်နိုင်ပေမယ့် မြန်မာ ပြည်သူများက ကျွဲ၊ နွားများကိုသာ အဖော်ပြု ဆောင်ရွက်နေကြတာကိုလည်း တွေ့ရှိနေရပါတယ်။ မြို့တွေမှာ အမျိုးသားရေး စိတ်ဓာတ်နဲ့ လူ့အဖွဲ့အစည်းတွေ၊ ဇီဝိတဒါနအဖွဲ့အစည်းတွေရှိပါတယ်။ သားသတ်လိုင်စင်ယူပြီး ကျွဲ၊ နွား တွေကို အသက်ရှင်ဖို့အတွက် ၎င်းတို့အဖွဲ့အစည်းတွေကကြိုတင် ကြိုးစားကြပါတယ်။ အခုအခါမှာတော့ ဒီ အဖွဲ့အစည်းတွေဟာ သားသတ်လိုင်စင် မဆွဲနိုင်ကြတော့ဘူး။ လေလံကြေးက မြင့်သွားလို့ ဖြစ်ပါတယ်။

ကျေးဇူးရှင်ဖြစ်တဲ့ ကျွဲ၊ နွားတွေရဲ့ အသက်ကို မှောင်ခိုသမားတွေလက်ထဲ မရောက်အောင် ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ကိုယ်စီ ရှိကြပါတယ်။ မှောင်ခိုသမားတွေက သက်ဆိုင်ရာဌာနနဲ့ အဆင်ပြေအောင် လိုက်တက်ကြပါတယ်။ အောက်ခြေကျေးရွာအထိမှာလည်း လေ့လာတွေ့ရှိနေရပါ တယ်။ အောက်ခြေလူတန်းစား သမာအာဇီဝ သူဌေးများ၊ မြို့နယ်၊ ခရိုင်၊ တိုင်း ပြည်ထောင်စုအဆင့် တာဝန်ရှိသူတွေက ဆန်ကိုချက်ပြုတ်ပြီး ထမင်းစားသုံးကြသူတွေ ဖြစ်ပါတယ်။ နေပူမိုးရွာမရှောင် ကျောပေါ် ကြိမ်လုံးအရိုက်ခံပြီး ထွန်ယက်ပေးခဲ့တဲ့ ကျွဲ၊ နွားတွေကို မှောင်ခိုသမားတွေလက်ထဲ မရောက်အောင် ကူညီစောင့်ရှောက်ပေးဖို့လည်း လိုအပ်ပါတယ်။ အချိန်ကြာလာတာနဲ့အမျှ မြန်မာ့ မြေပေါ်မှာ မြန်မာခိုင်းနွားများ လုံးဝပျောက်ဆုံးသွားမှာကို တွေးမြင်ပြီးတော့ နွားပွဲစားများ ခွင့်ပြုချက် ကျော် သားသတ်ခြင်း၊ ရောင်းဝယ်ခြင်းအပြင် ပြည်ပနိုင်ငံများသို့ တင်ပို့ခြင်းများအား သက်ဆိုင်ရာ တိုင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ဒေသအသီးသီးမှာ အချိန်မီထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေး နိုင်ဖို့အတွက် ပြည်သူများရဲ့ကိုယ်စား ကျွန်တော့်အနေနဲ့ တင်ပြခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လိုင်စင်ရ သားသတ်လုပ်ငန်းများအား သတ်မှတ်ချက် ခွင့်ပြုကျော်လွန်ပြီး ဆောင်ရွက်နေခြင်း၊ ပွဲစားများ၏ ရောင်းဝယ်နေခြင်း၊ ပြည်ပနိုင်ငံများသို့ တင်ပို့ နေခြင်းတို့အား မည်သည့် ဥပဒေနှင့် ထိရောက်စွာ အရေးယူဆောင်ရွက်နေသည်ကို သိရှိလို၍ မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

မော်တော်ယာဥ်ဖြင့် သယ်ဆောင်သည့်ပုံ (၈)




**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ အဖွဲ့ဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဦးဖုန်းဇော်ဟန်(အဖွဲ့ဝင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦးမှ မြန်မာခိုင်းနွားများအား စည်ပင်သာယာမှ ခွင့်ပြုချက်အပြင် အပို-အခြားနည်းဖြင့် သားသတ်ခြင်းလုပ်ငန်း၊ ဝယ်ယူရောင်းဝယ်ခြင်း၊ ပြည်ပနိုင်ငံများသို့ ရောင်းချခြင်းများအား အခြားမည်သည့် ဥပဒေဖြင့် အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပေးပို့လာတဲ့အဖြေများကို စုစည်းပြီး နေပြည်တော်ကောင်စီမှ နေပြည်တော်ကောင်စီဝင် ကျွန်တော် ဦးဖုန်းဇော်ဟန် မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။

နေပြည်တော်ကောင်စီ နယ်မြေမှာ အသားထုတ်လုပ် ရောင်းချခြင်းကို ဈေးခုံစနစ်နဲ့ ဆောင်ရွက်ပြီး၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ အခန်း(၁၀) တိရစ္ဆာန်များ သတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်း ပုဒ်မ ၃၆ အရ အများပြည်သူ စားသုံးရန်အလို့ငှာ စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံများနှင့် အဖွဲ့က သတ်မှတ်ခွင့်ပြုထားသည့် နေရာများတွင်သာ အသားထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုထားပါတယ်။ ပုဒ်မ ၃၇ အရ ဘာသာရေးနှင့် အခြားကိစ္စရပ်များအတွက် ကျွဲ၊ နွားသတ်ဖြတ်ခွင့် အမိန့်သတ်မှတ်ချက်များနှင့်အညီ ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက် သတ်ဖြတ်မှုကို နေပြည်တော်ကောင်စီရဲ့ ကြီးကြပ်မှုနဲ့ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဈေးခုံတစ်ခုံစီရဲ့သတ်မှတ်ထားတဲ့ သတ်ဖြတ်ခွင့် ကောင်ရေကို ခွင့်ပြုထားပါတယ်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဥပဒေအခန်း(၃)၊ ကော်မတီရဲ့ လုပ်ငန်းတာဝန် ပုဒ်မ ၈၊ ပုဒ်မခွဲ(မ)မှာ သားသတ်ရုံများ တည်ထောင်ခြင်း၊ စားသုံးရန် တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်းနှင့် အသားရောင်းချခြင်းတို့ကို စည်းကမ်းများ သတ်မှတ်ခြင်းဟူ၍ ပြဋ္ဌာန်းထားရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အသားထုတ်လုပ်ရောင်းချသူများအတွက် စည်းကမ်းချက်များ အပိုဒ်(၃)၊ (က)၊ (ခ)အရ အသားထုတ်လုပ်ရန်ဖြစ်သော ကျွဲ၊ နွားများသည် အသက်(၁၆)နှစ်နဲ့ ၎င်းအထက်အရွယ်ရှိ ကျွဲ၊ နွားအထီးများနဲ့ သားဖောက်ခြင်း မပြုနိုင်သောအမများ၊ ဒဏ်ရာကြောင့်ဖြစ်စေ၊ ကိုယ်ခန္ဓာချို့တဲ့၍ ဖြစ်စေ အစဥ်သဖြင့် အလုပ်မလုပ်နိုင်သော ကျွဲ၊ နွား အထီး၊ အမများကိုသာ အသားထုတ်လုပ်ခွင့်ကို ကျွမ်းကျင်သူများမှ စစ်ဆေးပြီးမှ ထုတ်လုပ်ခွင့်ပြုလျက် ရှိပါတယ်။

နေပြည်တော်ကောင်စီရဲ့ ၁၈-၆-၂၀၁၃ ရက်နေ့ ထုတ်ပြန်တဲ့ နေပြည်တော်ကောင်စီနယ်မြေ ကျွဲ၊ နွားသယ်ဆောင်ခွင့် စည်းကမ်းသတ်မှတ်ချက်များ သတ်မှတ်ထုတ်ပြန်ခြင်း ရုံးအမိန့်အရ အသားထုတ်လုပ်ရန် ကျွဲ၊ နွားတိရစ္ဆာန်များအား ၎င်းအမိန့်ပါ အပိုဒ်(၃)အရ ကျွဲ၊ နွားများကို ဝယ်ယူသယ်ဆောင်မှုသည် မိမိလုပ်ပိုင်ခွင့်ရသည့် ဈေးခုံနယ်မြေအတွင်း အသားထုတ်လုပ်ရောင်းချရန် အတွက်သာဖြစ်၍ နေပြည်တော် စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပသို့ သယ်ဆောင်ရောင်းချခြင်း မပြုလုပ်ရဟု ပါရှိပြီး၊ အပိုဒ်(၄)အရ အထက်ပါ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာခြင်းမရှိပါက ၂၀၁၂ ခုနှစ်၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၅ အရ အရေးယူခြင်းခံရမည်ဟုပါရှိရာ ၎င်းအတိုင်း ဆောင်ရွက်လျက်ရှိပြီး ကျွဲ၊ နွားများကို နယ်မြေဖြတ်ကျော် သယ်ဆောင်ခွင့် လုံးဝခွင့်ပြုပေးခြင်း မရှိသဖြင့် ပြည်ပနိုင်ငံများသို့လည်း ရောင်းချနိုင်ဖို့ အခြေအနေ မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့များမှ ရှင်းလင်းချက်များကို ဆက်လက်တင်ပြပါမယ်။

အစိုးရအဖွဲ့များရဲ့ ရှင်းလင်းဖြေကြား ပေးပို့ချက်များအရ စည်ပင်သာယာရေးအဖွဲ့များမှ သားသတ်ခြင်းလုပ်ငန်းအတွက် လေလံလိုင်စင်ရရှိသူသည် သားသတ်လိုင်စင် စည်းကမ်းချက်များအတိုင်း သတ်မှတ်ထားသော သားသတ်ကောင်ရေအတိုင်းသာ သတ်ဖြတ်ရပါသည်။ ထိုသို့သတ်ဖြတ်ခြင်းလုပ်ငန်းအတွက် စည်ပင်သာယာအဖွဲ့ လေလံစည်းကမ်းချက်များမှာ သားသတ်လေလံ ရရှိသူသည် သားသတ်ခြင်းအတွက် ရဲစခန်း၏ ပြစ်မှုဆိုင်ရာကင်းရှင်းကြောင်း ထောက်ခံချက်၊ မွေးမြူရေးနဲ့ ကုသရေး

ဦးစီးဌာနမှ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ/မရှိ ထောက်ခံချက်များနှင့်အတူ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက် သတ်ဖြတ်ခွင့်အား စည်ပင်သာယာရေးအဖွဲ့ရုံးသို့ (၃)ရက် ကြိုတင်လျှောက်ထားရပါတယ်။ သားသတ် လိုင်စင်ရယူခြင်းမရှိဘဲ ခွင့်ပြုချက်မဲ့ ကျွဲ၊ နွားသတ်ဖြတ်မှုအတွက် စည်ပင်သာယာရေး ဥပဒေအရ စိစစ်အရေးယူဆောင်ရွက်လျက် ရှိပါတယ်။ ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားများ နယ်ကျော်သယ်ဆောင်ခြင်း နှင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်အတွင်းရှိ ကျွဲ၊ နွားများအား နယ်စပ်ထွက်ပေါက်များမှတစ်ဆင့် ပြည်ပ နိုင်ငံများသို့ သယ်ယူမှုမရှိစေရေးကို စစ်ဆေးကြပ်မတ် ဖမ်းဆီးအရေးယူလျက်ရှိကြောင်းနဲ့ ရှာဖွေဖမ်းဆီး ရမိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄ နဲ့ ပုဒ်မ ၅ အရ အရေးယူ ဆောင်ရွက်လျက် ရှိကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ရှင်းလင်းပေးပို့ချက်အရ မန္တလေးတိုင်း ဒေသကြီး၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၅၄ တွင် စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ကျန်းမာရေးနှင့် ညီညွတ်သော ကျွဲ၊ နွား၊ မြင်း၊ ဆိတ်၊ သိုး၊ ဝက် တို့ကို အများပြည်သူစားသုံးရန်အတွက် ရောင်းချရန်အလို့ငှာ စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံ များတွင် စည်းကမ်းချက်များနှင့်အညီ သတ်ဖြတ်ခြင်းနဲ့ သတ်မှတ်ထားသည့် နေရာများတွင် အသား ရောင်းချခြင်းတို့ကို ခွင့်ပြုခြင်း၊ လိုင်စင်ထုတ်ပေးခြင်းများ ပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်နှင့် အညီ စည်ပင်သာယာရေးကော်မတီသည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများပါအတိုင်း ကျွဲ၊ နွား သတ်ဖြတ်ခွင့် လိုင်စင်အား ခုံခွဲစနစ်များဖြင့် ရောင်းချစေလျက်ရှိပြီး၊ သားသတ်ရုံစည်းကမ်းနဲ့ သားသတ် လိုင်စင် စည်းကမ်းများကိုလည်း သတ်မှတ်ဆောင်ရွက်လျက် ရှိပါတယ်။

သတ်မှတ်ကောင်ရေထက် ပိုမိုသတ်ဖြတ်ခြင်းကို စစ်ဆေးတွေ့ရှိပါက ဥပဒေ၊ နည်းဥပဒေနဲ့ အညီ လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်လျက်ရှိပြီး ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း ပြုလုပ်သူများကိုလည်း စည်ပင်သာယာရေးအဖွဲ့ ဥပဒေ ၉၉၊ ပုဒ်မခွဲ(က)ပါအတိုင်း အရေးယူ ဆောင်ရွက် လျက်ရှိပါတယ်။ ကျွဲ၊ နွားတရားမဝင် သယ်ဆောင်ခြင်းများကို ၁၉၄၇ ခုနှစ်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၄ ပါ ကျွဲ၊ နွားတိရစ္ဆာန်များ သယ်ယူ ပို့ဆောင်ခြင်းမပြုရန် တားမြစ်မိန့်၊ စည်းကမ်းသတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်၊ လိုအပ်သလို ဆောင်ရွက်စေသည့်အမိန့် ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါ တယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ရှင်းလင်း ဖြေကြားပေးပို့ချက်အရ ရန်ကုန်မြို့တော်၊ စည်ပင်သာယာရေးကော်မတီဟာ ကော်မတီနယ်နိမိတ်အတွင်း မှာရှိတဲ့ မြို့နယ်များမှ ပြည်သူလူထု(၆)သန်းခန့် စားသုံးရန်အတွက် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေး နှင့် ညီညွတ်သော အသားများထုတ်လုပ်နိုင်ရန် အသားထုတ်လုပ်ရေးဌာနခွဲ (၂)ခုနဲ့ အသားထုတ်လုပ်ရုံ ခွဲ(၃)ခု တည်ဆောက်ပြီး အမဲ၊ သိုး၊ ဆိတ်၊ ဝက်နဲ့ အသားထုတ်လုပ်မှုကို တိရစ္ဆာန်ဆေးကုနဲ့ သားသတ်ရုံ များဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ မြို့တော်နေ လူဦးရေရဲ့ အမဲသားစားသုံးသူ အချိုးကျ တွက်ချက်မှုအရ နေ့စဉ် အမဲ၊ ကျွဲ၊ နွား ပိဿာ(၁၅၃၀၀၀)ခန့် ထုတ်လုပ် ဖြန့်ဖြူးလျက် ရှိပါတယ်။ ၎င်း အတွက် လိုအပ်တဲ့ ကုန်ကြမ်း ကျွဲ၊ နွားများကို ရန်ကုန်တိုင်းဒေသကြီး အတွင်း မှော်ဘီ၊ ဥက္ကံ၊ တိုက်ကြီး မြို့နယ်များမှာရှိတဲ့ နွားပွဲဈေးများမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ထောက်ခံချက်

ဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းမှ လစဉ် ကျွဲ၊ နွားကောင်ရေ (၅၀၀) ခန့်ကိုလည်းကောင်း ဝယ်ယူလျက် ရှိပါတယ်။

မြို့တော်နေ ပြည်သူလူထု စားသုံးရန်အတွက် လုံလောက်စွာ ဖြန့်ဖြူးနိုင်ရေး၊ အမှန်တကယ် လိုအပ်သော ပမာဏထက် တိုးမြှင့်ထုတ်လုပ်ခြင်း မပြုရေး၊ ဈေးနှုန်းမြင့်မားလာမှု မဖြစ်ပေါ်စေရေး တို့ကို အဓိကရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ကျွဲ၊ နွားဈေးများမှ သက်ဆိုင်ရာမြို့နယ် တိရစ္ဆာန်ဆေးကုဆရာဝန်များရဲ့ စစ်ဆေးအတည်ပြုချက်ဖြင့် သက်တမ်း(၁၆)နှစ် ကျော်လွန်တဲ့ ကျွဲ၊ နွား များကိုသာ ဝယ်ယူခွင့်၊ ရောင်းချခွင့် ကန့်သတ်ထားရှိမှုလည်း ရှိပါတယ်။ ကော်မတီရဲ့ ခွင့်ပြုချက် ရယူ ခြင်း မရှိဘဲ ခွင့်ပြုချက်မဲ့ သားသတ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းများအတွက် စဉ်ဆက်မပြတ် သတင်းရယူ စုံစမ်း၍ ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါ တယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး ၏ မြန်မာ ခိုင်းနွားများအား စည်ပင်သာယာမှ ခွင့်ပြုချက်အပြင် အပို-အခြားနည်းဖြင့် သားသတ်ခြင်း လုပ်ငန်း၊ ဝယ်ယူ ရောင်းဝယ်ခြင်း၊ ပြည်ပနိုင်ငံများသို့ ရောင်းချခြင်းများအား အခြားမည်သည့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ ပြည်နယ်၊ တိုင်းဒေသ ကြီး အစိုးရအဖွဲ့များရဲ့ ရှင်းလင်းပေးပို့ချက်များအရ နိုင်ငံတစ်ဝန်းလုံးတွင် စည်ပင်သာယာရေး အဖွဲ့ များမှ သားသတ်ခြင်းလုပ်ငန်းများအား စည်းကမ်းချက်များအတိုင်း၊ သတ်မှတ်ထားသော သားသတ် ကောင်ရေအတိုင်း ဆောင်ရွက်လျက်ရှိကြောင်းနဲ့ အပို-အခြားနည်းဖြင့် သားသတ်ခြင်းလုပ်ငန်း၊ ဝယ်ယူ ရောင်းဝယ်ခြင်းလုပ်ငန်း၊ ပြည်ပနိုင်ငံများသို့ ရောင်းချခြင်းများအား စစ်ဆေးတွေ့ရှိပါက ပြည်နယ်နဲ့ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဥပဒေအရလည်းကောင်း၊ ၂၀၁၂ ခုနှစ် အရေးကြီး ကုန်စည် နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄ နဲ့ ပုဒ်မ ၅ အရလည်းကောင်း၊ ၁၉၄၇ ခုနှစ်၊ အရေးကြီးသော ကုန်ပစ္စည်းနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၄ နဲ့ ပုဒ်မ ၅ အရ လည်းကောင်း အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၁၆-၂-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ အဆိုတင်သွင်းပြီး ၁၃-၅-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၀-၆-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ လှေစီးပြေး ရွှေ့ပြောင်းသူများနှင့်ပတ်သက်၍ ပြတ်သားသော မူဝါဒချမှတ် ဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အရေးတကြီး အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ တင်သွင်းထားသည့် လှေစီးပြေး ရွှေ့ပြောင်းသူများနှင့်ပတ်သက်၍ ပြတ်သားသော မူဝါဒချမှတ်ဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အရေးတကြီးအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၅)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၄။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကော်မရှင်လူကြီးများ အားလုံးကို ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး က ဂါရဝတရားအပြည့်နဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်ခင်ဗျား။ ကျွန်တော် ဒီအဆိုကို ဦးလှဆွေ ရဲ့ လှေစီးပြေး ရွှေ့ပြောင်းသူများနဲ့ ပတ်သက်၍ ပြတ်သားသော မူဝါဒချမှတ် ဆောင်ရွက်ရန်ဆိုတဲ့ အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးဖို့ ဖြစ်ပါတယ်။

လူမျိုးစွဲ၊ ဝါဒစွဲ မထားဘဲနဲ့ ကျွန်တော် ဒီအဆိုကို နိုင်ငံသားစိတ်ဓာတ် အပြည့်အဝနဲ့ နိုင်ငံချစ်စိတ် အပြည့်အဝနဲ့ တာဝန်သိသိနဲ့ ကျွန်တော် ထောက်ခံဆွေးနွေးဖို့ ဖြစ်ပါတယ်။

တစ်နိုင်ငံလုံးဟာ အခုအချိန်မှာ ဒီကိစ္စအတွက် စိတ်သောကရောက်နေကြရတဲ့ အချိန် ဖြစ်ပါတယ်။ လူကုန်ကူးမှုဆိုတာ အင်မတန်မှ စက်ဆုပ်စရာကောင်းပါတယ်။ အမှန်က ဒီကိစ္စဟာ ဒီ တလောမှ ခေတ်စားလာတဲ့ လူကုန်ကူးမှုဆိုတဲ့ ကိစ္စကနေ နွယ်ပြီးဖြစ်လာတဲ့ ပြဿနာပါ။ လူလူချင်း လူညွန့်ခူးစားတဲ့စနစ်၊ ကျွန်ကုန်ကူးခံရတဲ့ လူတွေရဲ့ဘဝဟာ အင်မတန်မှ သနားဖို့ကောင်းပါတယ်။ ကိုယ်ချင်းစာဖို့လည်း ကောင်းပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီးတော့ လုပ်စားတဲ့ လူတွေကတော့ သူတို့ဆီက ပိုက်ဆံ၊ အခကြေးငွေ ယူပြီးတော့ လုပ်တယ်။ လုပ်ပြီးတော့ တာဝန်မယူဘဲနဲ့ သူတို့လိုရာပန်းတိုင်ကို ပို့ရမယ့် နေရာကို မပို့နိုင်တဲ့အခါမှာ တစ်နေရာမှာ ထားပစ်ခဲ့တယ် သူတို့ကို အဲဒီလို တာဝန်မဲ့စွာ လုပ်လိုက်တဲ့အတွက် ဒီလူတွေဟာ ဒုက္ခရောက်နေရတယ် ပင်လယ်ထဲမှာ မျောပြီးတော့ လှေစီးပြီးတော့ ရေမျောရတဲ့ဘဝ ရောက်နေကြပါတယ်။

အဲဒီတော့ ကျွန်တော်တစ်ခု စဉ်းစားမိတယ်။ ကျွန်တော်တို့ မြန်မာပြည်မှာ အရင်တုန်းက ဗျတ်ဝိ၊ ဗျတ္တတို့ ရေမျောပြီးတော့ ရောက်လာတယ်။ အဲဒီ ဗျတ်ဝိ၊ ဗျတ္တဟာ အခုထိ ကျွန်တော်တို့ဆီမှာ ရှိနေပါသေးတယ်။ ဗျတ်ဝိ၊ ဗျတ္တဟာ လူတွေက ကိုးကွယ်ထားတဲ့ အဆင့်တောင်ရှိနေတယ်။ တချို့နေရာတွေမှာဆိုလို့ရှိရင် အဲဒီတော့ ဒီလိုမျိုး ကိစ္စတွေမှာ ကျွန်တော်တို့က နှစ်ဖက်နှစ်လမ်း စဉ်းစားတယ်။ ဒုက္ခရောက်နေတဲ့ လူတွေကိုလည်း ကိုယ်ချင်းစာတယ်။ သနားလည်း သနားတယ်။ ဒီလူတွေဟာ ဆင်းရဲနွမ်းပါးတယ်။ အလုပ်အကိုင် အခွင့်အရေးနည်းပါးတဲ့အတွက် သူတို့နိုင်ငံမှာ မနေနိုင်တော့ဘူး။ ဘဝအသစ်ကို ထူထောင်ချင်တယ်။ အခွင့်အလမ်းရှာဖွေဖို့အတွက် ရှိတဲ့ပိုက်ဆံပေး၊ မရှိမဲ့ ရှိမဲ့လေးကို စုပြီးတော့မှ သူတို့ရင်းပြီးတော့ အခွင့်အလမ်းရှာဖွေတဲ့ လူတွေဖြစ်ပါတယ်။

အဲဒီတော့ ဒီလိုမျိုး ဒုက္ခရောက် နေတဲ့အခါမှာ သူတို့ဟာ ကမ်းမမြင် လမ်းမမြင် နေရာတစ်ခုမှာ စွန့်ပစ်ထားခံရပြီဆိုရင် ကျွန်တော်တို့က ကူညီရမှာပါ။ ဒီဥစ္စာကို ကူလည်း ကူညီခဲ့တယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဒီလိုမျိုး လူမှုရေးမှာ ဘယ်တော့မှ ကျွန်တော်တို့ဟာ နောက်တန်းက ကျန်ခဲ့တဲ့ နိုင်ငံ မဟုတ်ပါဘူး။ အမြဲတမ်း ကျွန်တော်တို့က လူသားချင်း စာနာစိတ်ဓာတ်နဲ့ ကယ်ဆယ်တယ်။ ကူညီတယ်။ ဒါကတော့ ဘယ်သူမှ မငြင်းနိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။ အဲဒီတော့ ပြဿနာရှိတာက ဒီလို လူကုန်ကူး အပို့ခံရတဲ့ သူတို့ ပြဿနာရှိတဲ့ နိုင်ငံတွေက ထွက်လာကြတဲ့ လူတွေဟာ သူတို့နိုင်ငံမှာ ဆိုလို့ရှိရင် ကလေးတွေတောင်မှ ကျွန်တော်တို့ သတင်းတွေ အရဆိုလို့ရှိရင် လမ်းပေါ်မှာ လူမမယ်အရွယ်ကလေး တွေ (၆)သိန်းလောက်ရောက်နေတယ်။ အခွင့်အလမ်းမရှိဘူး ဒီကလေးတွေတောင်မှ ဘဝဟာ မျှော်လင့်ချက်ကင်းမဲ့နေတဲ့ ဘဝဖြစ်နေတယ်ဆိုတော့ ဒီလို ပြဿနာတွေဟာ ကျွန်တော်တို့ ဘက်ကိုရောက် လာတယ်။ ဒါတွေက မဆိုင်ဘူးဆိုပေမယ့် ကျွန်တော်တို့နဲ့ မကင်းနိုင်ဘူးဖြစ်နေတယ်၊ ဒီဟာက၊ အဲဒီတော့ လာပြီး ကျွန်တော်တို့ကလည်း စိတ်ကောင်း စေတနာကောင်းနဲ့ ကူညီလိုက်ပြီ။ ကယ်ဆယ်လိုက်ပြီ။ သို့သော် ကျွန်တော်တို့ လက်ခံထားတဲ့ နေရာက ပြန်စဉ်းစားကြည့်လိုက်လို့ရှိရင် ရခိုင်ဒေသဟာ ပြဿနာ တစ်ပုံကြီးနဲ့ ကျွန်တော်တို့ ၂၀၁၂ ခုနှစ်ကတည်းက ကျွန်တော်တို့ဟာ ဒီပဋိပက္ခဟာ မပြီးနိုင်သေးဘူး။ ကျွန်တော်တို့ မကြာခင် ရွေးကောက်ပွဲ ရောက်တော့မယ်။ ကျွန်တော်တို့ ဒီ White Card ကိစ္စတို့၊ ကျွန်တော်တို့ အဲဒီဟာတွေ စိစစ်နေတုန်းရှိသေးတယ်။ အဲဒါတွေ မပြီးပြတ်နိုင်သေးဘူး။ တစ်ခါ အဲဒီ

အထဲမှာ သူတို့က နိုင်ငံတော်က ကြေညာထားတဲ့ တရားမဝင်ပါဆိုတဲ့ နာမည်တစ်ခုကို လူမျိုးတစ်မျိုးအဖြစ် သူတို့ကတောင်းဆိုနေကြတယ်။ အဲဒီနေရာတွေမှာ ခိုင်ခိုင် မာမာနဲ့ စွဲကိုင်ပြီးတော့ အဲဒါကို ခေါင်းမာစွာနဲ့ ဆန့်ကျင်ပြီးတော့ စိစစ်ရေးတောင်မှ လက်မခံဘူး။ အဲဒီလို တင်းမာနေတဲ့ အနေအထားမှာ ရှိနေတဲ့ အနေအထားမှာ ကျွန်တော်တို့ ရွေးကောက်ပွဲကလည်း မကြာခင်လုပ်တော့မယ်။

အဲဒီတော့ ကျွန်တော်တို့ဟာ ဒီပြဿနာတွေကို နောက်ထပ် ရှုပ်ထွေးအောင် အဖြစ်မခံနိုင်တော့ဘူး၊ ကျွန်တော်တို့ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံမှာ ဒီ ဒုက္ခသည်တွေကို လက်ခံထားဖို့ဆိုတာက မြန်မာနိုင်ငံရဲ့ လက်ရှိအနေအထားနဲ့ အထိုက်အလျောက်ပဲ လက်ခံနိုင်မယ်။ ဒီ လှေစီးသမားတွေဟာ နောက်ထပ် ဘယ်လောက်၊ ဘယ်လောက် ရောက်လာဦးမလည်းဆိုတာ မမျှော်မှန်းနိုင်ဘူး၊ ကျွန်တော်တို့ ဥပမာအနေနဲ့ ကျွန်တော်တို့ ဥရောပမှာ ကြည့်မယ်ဆိုလို့ရှိရင် အီတလီမှာ ဝင်လာကြတဲ့ ဥစ္စာက (၈၀၀၀)၊ (၁၀၀၀၀) အဲဒီလိုမျိုး လှေတွေက မပြတ်တော့ဘူး၊ ဝင် ဝင်လာတယ်။ လှေကြီးနဲ့ ဝင်လာတဲ့ အခါကျတော့ ဒီဟာတွေကို လက်မခံဘူး။ လက်မခံဘူးဆိုတဲ့အခါ သူတို့ကို ကမ္ဘာ့နိုင်ငံတွေက ဝေဖန်ကြပြန်ရော၊ လူ့အခွင့်အရေးအရ တစ်ခါတည်း လက်ညှိုးတွေ ထိုးပြီးတော့ ဒီ လက်မခံတဲ့ နိုင်ငံကိုပဲ အပြစ်ရှိတဲ့ ပုံစံမျိုးဖြစ်လာတယ်။ ဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာလည်းပဲ ကျွန်တော်တို့က လူသားချင်းစာနာတဲ့စိတ်နဲ့ ကျွန်တော်တို့က ကူညီထားတယ်။ အဲဒါကို အခွင့်အရေးယူပြီးတော့မှ တစ်ခါတည်း ဒီဟာကို ဆက်တိုက်ဆက်တိုက် ဒီလိုမျိုးလာနေမယ်ဆိုရင် ဘယ်သူမှလည်း ဝိုင်းဝန်းပြီးတော့ ဒီဟာကို မဖြေရှင်းဘူးဆိုလို့ရှိရင် ကျွန်တော်တို့တာဝန်ဟာ တအားပိလာမှာ ဖြစ်ပါတယ်။

ကျွန်တော့်အမြင်ကတော့ ကမ္ဘာ့နိုင်ငံတွေက ဝိုင်းဝန်းပြီးတော့ ဖြေရှင်းပေးရမယ်။ ကမ္ဘာမှာ ချမ်းသာတဲ့ နိုင်ငံတွေ အများကြီးရှိတယ်။ ဒီမိုကရေစီ ထွန်းကားတဲ့ နိုင်ငံတွေအများကြီးရှိတယ်။ လူမှုအခွင့်အလမ်းတွေ ပွင့်လန်းနေတဲ့ နိုင်ငံတွေ အများကြီးရှိတယ်။ ကူညီနိုင်တဲ့ နိုင်ငံတွေ အများကြီးရှိပါတယ်။ အဲဒီနိုင်ငံတွေက သူတို့ဆီကိုများ ဒီလို လူမှုရေးစိတ်ဓာတ်နဲ့ ခေါ်ပြီးတော့ သူတို့ဆီမှာ လက်ခံထားရင် မသင့်တော်ဘူးလား။ ကျွန်တော်တို့နိုင်ငံ တစ်ခုပဲ မြန်မာနိုင်ငံတစ်ခုတည်းကိုပဲ ကွက်ပြီးတော့မှ ဒီနိုင်ငံကထွက်လာတဲ့ လူတွေဆိုပြီးတော့ မစိစစ်ဘဲနဲ့ ဒီလို မတရားသဖြင့် ကျွန်တော်ကတော့ တရားတယ်လို့မထင်ဘူး။ ဒီဟာကို တစ်ဖက်စောင်းနင်းကြီး ဒီဟာတွေဟာ အကုန်လုံး မြန်မာနိုင်ငံက ထွက်တာပဲဆိုပြီး ပြောတဲ့ဥစ္စာက မသင့်တော်ပါဘူး။ အဲဒီတော့ ဒီလိုမျိုးဟာကို တကယ့်ဝိုင်းဝန်း စဥ်းစားပြီးတော့မှ ဖြစ်သင့်ဖြစ်ထိုက်တဲ့ မြန်မာနိုင်ငံကလည်း ဝန်မပိအောင် ကျွန်တော်တို့ကတော့ ကျွန်တော်တို့နိုင်ငံသားဆိုရင် လက်ခံမယ်ဆိုတာ အစိုးရကကြေငြာပြီးသားပဲ။ ကျွန်တော်တို့ စိစစ်မယ်။ လက်ခံမယ်။

တကယ်လည်းလက်ခံနိုင်တယ်။ ကျွန်တော်တို့ လက်ခံနေပါတယ်။ ကိုယ့်နိုင်ငံက မဟုတ်တဲ့ လူကိုတော့ ကျွန်တော်တို့ လက်မခံနိုင်ပါဘူး။ အဲဒါကြောင့်မို့လို့ ဒီလိုမျိုး ကမ္ဘာ့နိုင်ငံတွေက ဝိုင်းဝန်းပြီးတော့ ပြဿနာကိုဖြေရှင်းဖို့၊ ကျွန်တော်တို့အစိုးရကလည်းပဲ နိုင်ငံတော်အစိုးရကလည်းပဲ တာဝန်သိစိတ်ဓာတ်နဲ့ ကျွန်တော်တို့ နိုင်ငံတော်မှာ အန္တရာယ်မကျရောက်အောင် ဒီကိစ္စကို အခုကစပြီးတော့ တားဆီးကြရမယ်။ အစိုးရအနေနဲ့ ထိထိရောက်ရောက်ဆောင်ရွက်ဖို့လိုပါတယ်။ ဒီဟာကြီးကို တားဆီးပေးပါလို့ ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်းဆိုချင်ပါတယ်။ ဒီအဆိုကိုလည်း ကျွန်တော် အလေးအနက် ထောက်ခံပါတယ်ခင်ဗျ။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၂။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဒုတိယဝန်ကြီး၊ ဝန်ကြီးများနဲ့ ပညာရှင်များကို ကျွန်တော် ရိုသေလေးစားစွာ ဂါရဝပြုလိုက်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျာ။ ဦးလှဆွေရဲ့ အဆိုဟာ ဒီလှေစီးပြီး ရွှေ့ပြောင်းသူများနဲ့ ပတ်သက်သော၊ ပတ်သက်၍ ပြတ်သားသော မူဝါဒများ ချမှတ်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းကို ကျွန်တော် ထောက်ခံပါတယ်။ ဒါပေမဲ့ သူ့ရဲ့ဆွေးနွေးချက်မှာ အချို့က မကိုက်ညီတာရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ ဒီတိုက်တွန်းအဆိုနဲ့ သိပ်ပြီးတော့လည်း အကျုံးမဝင်ဘူး။ အချို့နေရာမှာ မကိုက်ညီတဲ့ အချက်တွေရှိတယ်။ မသင့်တော်တဲ့အချက်တွေရှိတယ်။ အဲဒါတွေကျတော့ ကျွန်တော်တို့ အနေနဲ့က ဘာလဲဆိုတော့ ကျွန်တော်တော့လက်မခံဘူး။ အချို့ဟာတွေ။ ဒါပေမဲ့ ဒီတိုက်တွန်းတဲ့ အဆိုကိုတော့ ကျွန်တော် ထောက်ခံပါတယ်။ ဒီလှေစီးဒုက္ခသည်တွေ၊ ရွှေ့ပြောင်းတဲ့သူတွေဟာ ဒီ အာရှမှာဆိုရင် ဘင်္ဂါလီတွေက အများစုပဲ။ အရင်တုန်းက အရင်တုန်းကဆိုရင် သီရိလင်္ကာနိုင်ငံက ဒီတမီးလ်လူမျိုးတွေ ရွှေ့ပြောင်း လှေစီးပြီးတော့ရွှေ့ပြောင်းကြတယ်။

အခုနောက်ပိုင်း အဲဒီပြဿနာတွေက ရှင်းသွားပြီ။ အခုထပ်ပေါ်လာတာက ဘင်္ဂါလီလူမျိုးတွေက လူဦးရေများပြားမှုနဲ့ ဆင်းရဲဒုက္ခရောက်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံဘက်မှာလည်း တိုးဝင်တယ်။ အိန္ဒိယဘက်မှာလည်းတိုးဝင်တယ်။ အိန္ဒိယဘက်မှာတိုးဝင်တဲ့အခါကျတော့ အိန္ဒိယက ခြံစည်းရိုးကာလိုက်တယ်။ ခြံစည်းရိုးကာလိုက်တဲ့အခါကျတော့ ပြတ်ပြတ်သားသားအရေးယူတယ်။ ခြံစည်းရိုးကျော်လာရင် နယ်ခြားစောင့်တပ်က ပစ်သတ်နိုင်တဲ့အမိန့်အထိပေးထားတယ်။ အဲဒီဘက်အပိုင်းလည်းသွားလို့ခက်တော့ ဒီလှေဘက်ကသွားရတယ်။ လှေဘက်ကသွားတော့ ကျွန်တော် တို့မြန်မာပြည်ဘက်လည်းအများကြီးရောက်တယ်။ မကြာမကြာရောက်တယ်။ ကျွန်တော်တို့ သိသလောက်သိတယ်။ မသိတဲ့ဟာလည်း အများကြီးရှိတယ်။ အဲဒီတော့ ဒီလှေစီးသမားတွေကို ကျွန်တော်တို့က အရင်တုန်းက လုပ်ခဲ့တဲ့လုပ်ရပ်တွေရှိတယ်။ ကျွန်တော်တို့နိုင်ငံကလုပ်ရပ်တွေ အများအားဖြင့် သိပ်ပြီးတော့ မလွန်ကျွံဘူး။ လုပ်ခဲ့သမျှ။ ဘာလို့လဲဆို လှေစီးဒုက္ခသည်တွေ အဲဒီလို ရောက်လာတဲ့အခါ ကျတော့ ရပ်ရွာကနေပြီးတော့ အစိုးရကနေဦးဆောင်တယ်။ ရပ်ရွာကနေပြီးတော့ ဝိုင်းပြီးတော့ စောင့်ရှောက်ပေးတယ်။ နောက် ပစ္စည်း၊ ရိက္ခာ၊ စားစရာ၊ ရေ ပါတယ်၊ အပြည့်အဝတင်ပေးပြီးတော့ ပင်လယ်ထဲ သွားပြန်ပို့တယ်။

ပင်လယ်ထဲ သွားပြန်ပို့တဲ့အခါကျတော့ ကျွန်တော်တို့ ဥပမာ မွန်ပြည်နယ်ကနေပြီးတော့ ပင်လယ်ဘက်ကိုဆွဲထုတ်ပြီးတော့ သွားပြန်လွှတ်တယ်။ ဟိုကနေပြီးတော့ ဒီ မွန်ပြည်နယ်မဟုတ်တော့ဘူး တနင်္သာရီတိုင်း၊ မြိတ်လား၊ ထားဝယ်လား။ ဟိုဘက်မှာ တစ်ခါပြန်ဝင်ပြန်တယ်။ နောက်ပြီးတော့ အဲဒီက ဆွဲထုတ်တော့ ပင်လယ်ထဲကို ပစ္စည်း၊ ရိက္ခာ ဖြည့်ပြီးတော့ဆွဲထုတ်။ ဒါလည်း ကော့သောင်းထဲပြန်ရောက် ပြန်ရော။ အဲဒီကျတော့ ကျွန်တော်တို့ ဒါ ဒီသံသရာက မပြတ်သွားနိုင်ဘူး။ နောက်အချို့ သတင်းထွက်

တယ်။ ဒါ ဦးလှဆွေပြောတဲ့ ပုံစံအတိုင်းပဲ သတင်းထွက်တယ်။ အချို့နိုင်ငံ၊ အချို့ပင်လယ်ပြင်ထဲမှာ သူ့သက်ဆိုင်ရာတပ်ကရေတပ်က တစ်ခါတည်းမြုပ်ပစ်လိုက်တယ်။ အဲဒီလိုလည်း သတင်းထွက် တယ်။

ဒါပေမဲ့ ဒါကတော့ တကယ်တမ်းအတိအကျလေ့လာဖို့ခက်တယ်။ တကယ်တမ်း ထိုင်းနိုင်ငံလို ထိုင်းနိုင်ငံတောင်ပိုင်းဆိုရင် ဒီမွတ်ဆလင်ခွဲထွက်ရေး သူပုန်တွေရှိတယ်။ အဲဒီမှာ သူ့ခရိုင် သုံးခရိုင်က ပြင်းပြင်းထန်ထန် နေ့တိုင်း ထိုင်းအစိုးရတပ်မတော်ရော၊ ဝန်ထမ်းရော အနစ်နာခံ၊ အသေခံပြီးတော့ သူတို့က ပြန်ပြီးတော့ ထိန်းသိမ်းနေတယ်။ ဘာသာရေးကအစ ဘုန်းကြီးတွေကအစ ဆွမ်းခံဆင်းတာ ဒီဘော်ဒီဂတ်နဲ့၊ တပ်နဲ့၊ ပလိပ်နဲ့ ဆွမ်းခံဆင်းရတဲ့အဆင့်အထိ သူတို့နိုင်ငံမှာ အဲဒီလိုရောက်နေတယ်။ အဲဒီကျတော့ ဒီလှေစီး ဒုက္ခသည်ကိုကျတော့ အဲဒီထိုင်းအနေနဲ့က လုံးဝ သူတို့လက်မခံချင်ဘူး။ သူတို့လည်း လက်မခံရဲတာ ဘာလဲဆိုတော့ ခုနတုန်းက ဒီလက်နက်ကိုင်အင်အားစုဘက်က အင်အားပိုပြီးတော့ တက်လာ မှာကြောက်လို့။ ပိုပြီးတော့ သူတို့တိုင်းပြည်ကွဲထွက်ဖို့အတွက် အန္တရာယ်ပိုများမှာကြောက်လို့။ ဒါကို သူတို့ အင်မတန်မှ ကြောက်ရွံ့တယ်။

အဲဒီတော့ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့နိုင်ငံကလည်းမပေ့ါဘူး။ ကျွန်တော် တို့နိုင်ငံမှာ ဒီကနေ့ ကျွန်တော်တို့ စာရင်းဇယားမသိဘဲနဲ့ ဝင်လာတယ်။ ကျွန်တော်တို့ မသိဘဲနဲ့ ဝင်လာတယ်။ စာရင်းဇယား မသိဘဲနဲ့ ခိုးပြီးတော့နေတယ်။ တကယ်လည်းစစ်ဆေးတဲ့အခါကျတော့ ရခိုင်ပြည်မြောက်ပိုင်းမှာတောင်မှ အစစ်ဆေးမခံနိုင်ဘူး။ မခံဘူး။ ကျွန်တော်တို့ ဒီအတွင်းပိုင်းမှာ ရန်ကုန်ကအစ ကျွန်တော်တို့ မွန်ပြည် နယ်မှာကအစ အများအပြားရှိတယ်။ စစ်ဆေးဖို့ဆိုတာ အခက်အခဲအများကြီးရှိတယ်။ ကျွန်တော်တို့က ဒါစစ်ဆေး ဖို့တော့လိုတယ်။ အဲ ခုနက ဒုက္ခသည်အပေါ်မှာ ကျွန်တော်တို့ကြည့်မယ်ဆိုရင် ကျွန်တော်တို့ မေတ္တာ၊ စေတနာ၊ ဂရုဏာ၊ ပြဟ္မစိုရ်တရားလေးပါးနဲ့ ကျွန်တော်တို့က ဒါကို ကောင်းကောင်းမွန်မွန် ဆက်ဆံဖို့လိုမယ်။ ကူညီဖို့လိုမယ်။ စောင့်ရှောက်ဖို့လိုမယ်။ ဒါပေမဲ့ ဒီပြတ်သား တဲ့မူတစ်ခု ကျွန်တော်တို့ မှာရှိဖို့လိုတယ်။ စိစစ်ဖို့၊ စိစစ်ပြီးတော့ ဒီအဆိုရှင် တင်ပြထားတဲ့အတိုင်း စိစစ်ပြီးတော့ သူ့ဆိုင်ရာနိုင်ငံကို ပို့ဖို့။ အခုအခြေအနေမှာ အရင်တုန်းကကျွန်တော်တို့နိုင်ငံက တရားခံပဲ။ နံပါတ်တစ် တရားခံဖြစ်နေတယ်။ ရိုဟင်ဂျာပြဿနာ၊ ဘာပြဿနာဆိုပြီးတော့ ကျွန်တော်တို့နိုင်ငံကို ဦးတည်ပြီးတော့ တရားခံလုပ်နေတယ်။ ဒီကနေ့ ဒါရှင်းလာပြီ။ တော်တော်လေးရှင်းလာပြီ။

အခု လှေစီးဒုက္ခသည်တွေကို ဖမ်းမိတဲ့ဟာတွေ စစ်ဆေးလိုက်တဲ့အခါကျတော့ ကျွန်တော်တို့ မြန်မာပြည်က မဟုတ်ဘူး။ တစ်ဖက်နိုင်ငံက လူတွေ။ ကျွန်တော်တို့ မြန်မာပြည်က အချို့ တစ်ယောက် တလေပါတယ်။ အဲဒီမှာ ဒီလူကုန်ကူးတဲ့လူတွေ၊ လူလည်တွေလား။ ပွဲစားတွေလား။ အဲဒီလိုဟာမျိုး အဆင့်ပဲနည်းနည်းပါးပါးပါမယ်။ အဓိကက တစ်ဖက်နိုင်ငံကလူတွေပဲများတယ်။ ဒါကမ္ဘာကလည်းသိ လာပြီ၊ ကုလသမဂ္ဂလည်းသိလာပြီ။ ဆိုတော့ သူက အခွင့်အရေးကောင်းတစ်ရပ် ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ တိကျတဲ့မူ ရှိဖို့လိုတယ်။ ကျွန်တော်တို့ ဒါကိုလက်မခံဘူး။ လက်လည်းမခံသင့်ဘူး။ လက်လည်း မခံသင့်ဘူးဆိုတာ ဘာကြောင့်လဲဆိုတော့ အခု အာဖရိကကနေပြီးတော့ ဥရောပနိုင်ငံကို လှေနဲ့ထွက်ပြေးကြတယ်။ အီတလီကို အများဆုံးရောက်တယ်။ နောက်ပြီးတော့ သူပြန့်သွားမှာပဲ။ ဥရောပက အခုကြောက်နေတယ်။ ဘာလို့လဲဆိုတော့ အဲဒီ လှေစီးဒုက္ခသည်နဲ့အတူ ဘာလဲဆိုတော့ ဒီအကြမ်းဖက်သမားကို ကမ္ဘာပြန့်အောင်ပို့တဲ့သဘောမျိုးလည်း ဖြစ်သွားနိုင်တယ်။ ကမ္ဘာ အကြမ်းဖက် သမားမပါဘူးလို့ ပြောလို့မရဘူး။ ပါနိုင်တယ်။ အဲဒါ နောက်ပြီးတော့ ဒီဘင်္ဂလားဒေ့ရှ်ကလည်း

အကြမ်းဖက်သမားကို အပြတ်အသတ်နှိမ်နင်းနေတာပဲ။ ဒါပေမဲ့ အဲဒီကနေပြီးတော့ မသိတဲ့ ဘယ်လိုပဲဖြစ်ဖြစ် အကုန်လုံးသိမှာ မဟုတ်ဘူး။ အကုန်လုံးမိမှာမဟုတ်ဘူး။ အဲဒီတော့ ပြန့်လာပြီးတော့ ကျွန်တော်တို့နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ အင်မတန်စိုးရိမ်တယ်။

အင်ဒိုနီးရှားလည်း သူစိုးရိမ်တာပဲ။ ဒီအကြမ်းဖက်သမားတွေကို။ ဒီ မလေးရှားကလည်း စိုးရိမ်တာပဲ။ ကျွန်တော်တို့ဆိုရင် အကြိမ်းအမောင်းတောင်ခံထားရပြီးသားပဲ။ Warning ပေးခံထားရပြီးသားပဲ။ ဒီ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေ။ အဲဒီတော့ ကျွန်တော်တို့ကတော့အလေးအနက် သတိထားဖို့လိုတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာ အဓိကထားပြီးတော့ ကူညီစောင့်ရှောက်မယ်။ စိစစ်မယ်။ စိစစ်ပြီးတော့ သူ့နိုင်ငံထဲအရောက် ပြန်ပို့ဖို့ ကမ္ဘာကသိအောင် ကျွန်တော်တို့က လုပ်ပြီးတော့ ပြန်ပို့ဖို့။ ဒါကို ကျွန်တော်တို့ မူအတိအကျချထားမယ်ဆိုရင် ကျွန်တော်တို့အတွက်လည်း ဒါ အကျိုးအန္တရာယ်နည်းမယ်။ အများကလည်းပဲ ကျွန်တော်တို့ အမှန်တရားအတိုင်း ကျွန်တော်တို့နိုင်ငံ အေးအေးချမ်းချမ်းရှိစေချင်လို့ ကျွန်တော်တို့နိုင်ငံက ဒီအန္တရာယ်ကို ကင်းလွတ်အောင် သူများကို ရန်မပြုဘူး။ ဘာတဲ့ ဒီငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ဆိုတဲ့မူကို ဆုပ်ကိုင်ပြီးတော့ လုပ်ကိုင်နေပါတယ်။ လုပ်နေပါတယ်ဆိုတဲ့ဥစ္စာ ပေါ်လွင်အောင် ကျွန်တော်တို့မှာ တိကျတဲ့မူဝါဒ ချမှတ်ဖို့လိုမယ်လို့ ဒီ အဆိုရှင် အဆိုပြုထားတာကို ကျွန်တော် အလေးအနက်ထောက်ခံရင်း နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၁ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၀၉ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၉။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၂။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆)က ဦးခင်မောင်လတ် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတလော အရှေ့တောင်အာရှရေပြင်ပေါ်မှာ ပြဿနာ ဖြစ်ပေါ်နေတဲ့ ဘင်္ဂါလီ Boat People တွေဟာ အရင်က အလုပ်အကိုင်ရှာဖွေသူတွေဖြစ်ပါတယ်။ အရင်ကတည်းကလည်း မလေးရှား၊ အင်ဒိုနီးရှားနဲ့ထိုင်းမှာ အလုပ်လုပ်နေတဲ့ ဘင်္ဂါလီလူမျိုးတွေဟာ သိန်းပေါင်းများစွာ ရောက်ရှိနေပြီးဖြစ်ပါတယ်။ ဆော်ဒီအာရေဗျနဲ့ အရှေ့အလယ်ပိုင်းမှာလည်း အလုပ် သွားလုပ်နေတဲ့ ဘင်္ဂါလီတွေ သိန်းပေါင်းများစွာရှိပါတယ်။ အများစုကတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကပါ။ တူရကီနိုင်ငံကနေပြီး ဒီ ဥရောပကိုခိုးဝင်တဲ့ မော်တော်ကားတွေမှာလည်း သူတို့ကို ဖမ်းဆီးရမိတာတွေ ရှိပါတယ်။ သူတို့ဇာတိက ဘင်္ဂလားဒေ့ရှ်နိုင်ငံပါ၊ သွားပြီးစစ်ဆေးရင်လည်း အမှန်တရား ပေါ်လာနိုင်ပါ တယ်။ Boat People အများစုဟာ ဘင်္ဂလားဒေ့ရှ်ကဆိုတာ ၊ ဘင်္ဂလားဒေ့ရှ်ကလည်း ဝန်ခံပါတယ်။ အင်ဒိုနီးရှားကလည်း ဝန်ခံပါတယ်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်က သူ့နိုင်ငံမှာ အလုပ်တွေရှိရက်သားနဲ့ မှောင်ခိုထွက်ပြီး အလုပ်ရှာ သူတွေကို အပြစ်တင်ထားတာရှိပါတယ်။ အမှန်က ဒါဟာ လူကုန်ကူးသူတွေနဲ့ လူကုန်ကူးခံချင်သူတွေရဲ့ ကိစ္စဖြစ်ပါတယ်။ ထွက်ခွာလာရာက ဘင်္ဂလားဒေ့ရှ်နိုင်ငံပါ။ ဆိုက်ရောက်ရာက အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှားတို့ဖြစ်ပါတယ်။ အကျိုးအမြတ်ရရှိနေတာကလည်း သူတို့ပါပဲ။ သူတို့ကပဲ အဓိက ဒီကိစ္စကို ရှင်းရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အခု ကျွန်တော်တို့ မြန်မာနိုင်ငံကို အတင်းဆွဲပြီးတော့ ထည့်နေပါတယ်။ မြန်မာ့မြေပေါ်မှာ လူကုန်ကူးခံရသူတွေရဲ့ သင်္ချိုင်းမရှိပါဘူး။ အကျဉ်းစခန်းလည်းမရှိပါဘူး၊ အလုပ်ရုံ၊ စက်ရုံတွေလည်း မရှိပါဘူး။ မြန်မာနိုင်ငံက ပင်လယ်ရေပြင်ကိုပဲ ပါဝင်နေတာဖြစ်ပါတယ်။ ဒီပြဿနာ စတာက ကျွန် လုပ်အားခကို ဈေးပေါပေါနဲ့ရနေတဲ့ ထိုင်းရေလုပ်ငန်းကို EU နိုင်ငံတွေက ဖိအားပေးရာ ကနေပြီးတော့ ထိုင်းကလူကုန်ကူးသူတွေကိုဖမ်းဆီးနေပါတယ်။ လက်မခံတော့ပါဘူး။ မလေးနဲ့ အင်ဒိုနီးရှား ကလည်း ငြင်းလာကြပါတယ်။ ဒီအဆင့်ရောက်ကာမှ အလုပ်ရှာသူတွေကို ဒုက္ခသည်ဆိုပြီးတော့ တံဆိပ် ကပ်လာကြတာ ဖြစ်ပါတယ်။

နဂိုကတော့ သူတို့ ဒုက္ခသည်မဟုတ်ပါဘူး။ ဒီနေရာမှာ ကျွန်တော်တို့ မြန်မာနိုင်ငံက တာဝန် ကျေပါတယ်။ မြန်မာ့ရေပြင်ထဲ ရောက်လာတဲ့ လူ(၁၀၀၀)နီးပါးကို လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေကို ပေးနေပါတယ်။ သူတို့လာတဲ့ နိုင်ငံကိုလည်း ပြန်ပို့ဖို့အစီအစဉ် လုပ်နေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီရွှေ့ပြောင်းတဲ့ လုပ်သားတွေကို ခဏယာယီသာလက်ခံပြီး ဒီထက်ပိုပြီးတာဝန်ယူဖို့ မလိုအပ်ပါဘူး။ ဒီထက်ပိုပြီး လုပ်မယ်ဆိုရင်လည်း ကျွန်တော်တို့ ကန့်ကွက်ပါတယ်။ ဘာလို့လဲဆိုလို့ရှိရင် ၂၀၁၂ ခုနှစ် နောက်ပိုင်း ဒုက္ခသည်စခန်းတွေမှာ ကျွန်တော်တို့ ကျွေးမွေးနေရတဲ့ ဒုက္ခသည် တစ်သိန်း ကျော် ရှိပြီးသားဖြစ်ပါတယ်။ အခု Boat People တွေနဲ့ ရောယှက်သွားရင် ပြဿနာတွေ နောက်ထပ် ပေါ်နိုင်လို့ဖြစ်ပါတယ်။ ပြဿနာဖြစ်အောင် လုပ်ဖို့ကလည်း အဖွဲ့အစည်းတွေက အဆင်သင့် စောင့်နေ ကြပါတယ်။ သူတို့ Camp ထဲရောက်ရင် သူတို့ပထမဆုံးလုပ်မယ့်အလုပ်က ကလေးတွေ များများ

မွေးဖို့ပါပဲ။ နောက် UN နဲ့ NGO တွေက ကျွေးမွေးတာကို သူတို့ထိုင်စားမယ်။ နောက်လူ့အခွင့်အရေး အရေခြုံ ပြီးတော့ နိုင်ငံသားအခွင့်အရေးတွေကို တောင်းမယ်။ မရရင် ဆူမယ်၊ ပူမယ်၊ နောက် Camp အပြင်ကိုထွက်မယ်၊ နောက်အရင်ကရောက်နေတဲ့ ဘင်္ဂါလီတွေနဲ့ ပေါင်းပြီးတော့ ငါးဖမ်းစက်လှေ ပေါ်မှာတက်မယ်။

ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာကို အိမ်ဦးနဲ့ကြမ်းပြင်လို သူတို့ ဝင်လိုက်၊ ထွက်လိုက် လုပ်မယ်။ နောက် ဒီအကြမ်းဖက်သမားတွေနဲ့ ဆက်နွယ်ပြီးတော့ ပြဿနာရှာနိုင်တဲ့အတွက်ဖြစ်ပါတယ်၊ ဒီပြဿနာ အပေါ်မှာ UN နဲ့ NGO အဖွဲ့အစည်းတွေနဲ့ OIC မီဒီယာအချို့က မြန်မာနိုင်ငံကိုကွက်ပြီးတော့ ဖိအားပေး အပြစ်တင်တာ မမှန်ကန်ပါဘူး။ လူပုဂ္ဂိုလ်အချို့နဲ့ မီဒီယာအချို့က သံယောင်လိုက်ပြီးတော့ ထုတ်ဖော် ပြောတာတွေကလည်း မမှန်ကန်ပါဘူး။ Boat People တွေကို ၂၀၁၂ ခုနှစ် ရခိုင်၊ ဘင်္ဂါလီ ပဋိပက္ခ နဲ့ ဆက်နွယ်ပြီးတော့ ဖော်ထုတ်တာကလည်း ညောင်ဦးကမ်းပါးနဲ့ စမွါနဂိုက နွားမပေါင်ကျိုးတာမျိုး ပဲဖြစ်ပါတယ်။ ဘာမှမဆိုင်ပါဘူး၊ ဒီ Boat People တွေဟာ လွန်ခဲ့တဲ့ အနှစ်(၂၀)နီးပါးက စတင် ပေါ်ပေါက်လာတာဖြစ်ပါတယ်။

အများစုကတော့ ဘင်္ဂလားဒေ့ရှ် ဘက်ကပါ။ ရခိုင်ဘက်မှာ ရခိုင်လူမျိုးတွေတောင် သူတို့နဲ့ရောပြီးတော့ မလေး၊ အင်ဒိုဘက်ကို အဲဒီတုန်းက သွားခဲ့တာရှိပါတယ်။ ဒါလည်း နည်းနည်းလေး ဖြစ်ပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ ရခိုင်ဘက် ပင်လယ်ကမ်းခြေမှာ အမှတ်(၁၀)ထောက်လှမ်းရေး ရှိပါတယ်။ ဟိုဘက်မှာလည်း နယ်ခြားစောင့်တပ်ရှိပါတယ်။ ပိုက်ဆံပေးပြီး ထွက်သွားကြတာဖြစ်ပါတယ်။ အဲဒီအချိန်ကစပြီး ဒီကနေ့ထိ တဖြည်းဖြည်း ထွက်နှုန်းတိုးတက်လာတာဟာ အခုဆိုရင် သိန်းပေါင်းများစွာ အဲဒီနိုင်ငံတွေမှာ ရောက်သွားကြပြီဖြစ်ပါတယ်။ အများစုကတော့ ဟိုဘက်နိုင်ငံဖြစ်ပါတယ်။ Boat People ကိစ္စတွေမှာ မီဒီယာတွေက လွဲမှားတာတွေလည်း ရှိပါတယ်၊ Lobby လုပ်တဲ့ မီဒီယာ တွေ ကလည်း ရှိပါတယ်။ အရင်က ရိုဟင်ဂျာလူမျိုးမရှိဘူးဆိုတာကိုပဲ ရေးကြပါတယ်။ အခုတော့ ရိုဟင်ဂျာ လူမျိုးမရှိဘူး၊ ရိုဟင်ဂျာဝေါဟာရပဲ ရှိတယ်ဆိုတာမျိုးဖြစ်လာကြပါတယ်။ မြန်မာ့စွယ်စုံကျမ်းထဲမှာ ပါတဲ့ အကြောင်းအရင်းက ၁၉၅၆ ဝန်းကျင်မှာ လုပ်ကြံပြီးထည့်တာဖြစ်ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ အစဉ်အဆက်ရှိတဲ့ သမိုင်းစာအုပ်တွေထဲမှာ အဲဒီဝေါဟာရ မရှိပါဘူး၊ ၁၉၅၆၊ ၁၉၅၈ ဝန်းကျင်မှာ ဖြစ်တဲ့ ပြည်တွင်းစစ်မှာ အဲဒီ မူဂျာဟစ်တွေပါဝင်တဲ့ အနောက်ဘက် စစ်မျက်နှာကို ပိတ်ပစ်ချင်တဲ့ ဆန္ဒ ရှိပါတယ်။

နောက်တစ်ချက်ကလည်း ရခိုင်ပြည်နယ်ကို မပေးချင်လို့ ဘင်္ဂလီတွေရဲ့ မဲကို လိုချင်တာက လည်း အချက်တစ်ချက် ရှိပါတယ်။ အဲဒါတွေကြောင့် ဘင်္ဂါလီတွေကို အလျှော့ပေးပြီးတော့ ရိုဟင်ဂျာ ဆိုပြီးတော့ အသံလွှင့်ခွင့်ပေးရာကနေပြီးတော့ မြန်မာ့စွယ်စုံကျမ်းထဲကို ရောက်ရှိသွားတာ ဖြစ်ပါတယ်။ ဧရာဝတီဂျာနယ်မှာ တစ်ခါက ဘာသာပြန်ဆောင်းပါးတစ်ပုဒ် ပါ လာပါတယ်။ ရခိုင်က လာတဲ့ Boat People တွေ အဖြစ်နဲ့ ဓာတ်ပုံနဲ့ ဇာတ်နာအောင် ဘာသာပြန်ထားပါတယ်။ နိုင်ငံခြားသား ဂျာနယ်လစ် တွေရဲ့ လိမ်တာကို ခံရတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဓာတ်ပုံထဲက လူတွေနဲ့ Boat တွေက ဘင်္ဂလားဒေ့ရှ်က ပါ။ ကူညီပေးနေတဲ့ တပ်သားကလည်း ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့် ယူနီဖောင်းနဲ့ ဖြစ်ပါတယ်။ လာမယ့်နှစ်တွေမှာ Boat People တွေဟာ မရှိသလောက် နည်းသွားမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့ လဲဆိုရင် ထိုင်း၊ အင်ဒို၊ မလေးရှားတို့က အခု လက်မခံတော့လို့ ဖြစ်ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံ အနေနဲ့ကတော့ ပြီးစလွယ် မလုပ်ဘဲ ရေရှည်စီမံကိန်း ချပြီးတော့ စနစ်တကျ သတိနဲ့ ဖြေရှင်းရမယ့်ကိစ္စ

ဖြစ်ပါတယ်။ ဘာလို့လဲဆိုရင် OIC လို NGO Lobbyတွေလို လက်မဲကြီးတွေ ရှိနေလို့ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီကိစ္စက ယဉ်ကျေးမှု မတူညီတဲ့ ကိစ္စဖြစ်လို့ ဖြစ်ပါတယ်။ ယဉ်ကျေးမှု မတူလို့ ဖြစ်လာတဲ့ ပြဿနာတွေ ဟာ မပြီးနိုင်ဘဲ ရှည်လျားတဲ့ သဘာဝ ရှိပါတယ်။ သီရိလင်္ကာက တမီးလ် ပြဿနာဟာ ဘီစီခေတ်ကတည်းက ရာမယဏဇာတ်ကတည်းက စတင်လာတာ ဖြစ်ပါတယ်။ မပြီးသေးပါဘူး။ ပါလက်စတိုင်း-ဂျူးဆိုတာလည်း နှစ်ပေါင်း ၂၀၀၀ လောက်ရှိပါပြီ။ အခုထိ မပြီးသေးပါဘူး။ ထိုင်း တောင်ပိုင်း ၁၉ ရာစု အကျော်မှာ စခဲ့တာ ဖြစ်ပါတယ်။ မပြီးသေးပါဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံ အနောက်ပိုင်းနယ်စပ်ဟာလည်း ယဉ်ကျေးမှုတံတိုင်းကြီး နှစ်ခု ဆုံတွေ့နေတဲ့ နေရာ ဖြစ်ပါတယ်။ နှစ်ရာနဲ့ချီပြီးတော့ ပဋိပက္ခတွေ ရှိနေခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီယဉ်ကျေးမှုမတူတဲ့ ပဋိပက္ခ ရောဂါဟာ အလွယ်တကူတော့ မပျောက်နိုင်ပါဘူး။ သက်သာအောင်တော့ လုပ်ထားလို့ရနိုင်မှာ ဖြစ်ပါ တယ်။ အာဆီယံနိုင်ငံအချို့ကတော့ မြန်မာပြည်ရဲ့ ပြည်တွင်းရေးကို ဝင်ရောက် မစွက်ဖက် သင့်သလို NGO အဖွဲ့အစည်းတွေကိုလည်း မြှောက်မပေးသင့်ပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ အနေနဲ့ကတော့ Boat People ကိစ္စတွေကို အမျိုးသားအကျိုးစီးပွား၊ အမျိုးသားလုံခြုံရေးအမြင်နဲ့ ဖြေရှင်းသင့်ပါတယ်လို့ ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၁။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ စိတ်၏အေးချမ်းခြင်း ကိုယ်၏အေးချမ်းခြင်းနှင့် ပြည့်စုံကြပါစေလို့ မေတ္တာ ပို့သရင်းနဲ့ ကျွန်မ ဂါရဝပြုပါတယ်။ အခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) က ဦးလှဆွေ ရဲ့ အဆိုနဲ့ပတ်သက်လို့ ကျွန်မ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ အခုဆိုလို့ရှိရင် ကျွန်မတို့ရဲ့ ကမ္ဘာကြီးမှာ ဖွံ့ဖြိုးတိုးတက်တာတွေ ရှိသလို ဆုတ်ယုတ်တာတွေလည်း ရှိပါတယ်။ ဖွံ့ဖြိုးတိုးတက်တာတွေက ရုပ်ဝတ္ထုတွေနဲ့ နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်လာသလောက် စိတ်ပိုင်းဆိုင်ရာတွေနဲ့ ပြဿနာစိုရ်တရားတွေ ကိုယ်ချင်းစာတရားတွေ ယခင်ကနဲ့မတူဘဲနဲ့ ဆုတ်ယုတ်ပျက်စီး လာတာကို ကျွန်မတို့က ရုပ်ပြတွေ့နေရပါတယ်။ အဲဒါ ကျွန်မတို့ ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်၊ အာဆီယံရည်မှန်းချက် ပန်းတိုင်၊ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ ရည်မှန်းချက် ပန်းတိုင်တွေ ဘယ်ဟာကိုပဲ ကြည့်လိုက်ကြည့်လိုက် ကျွန်မတို့ စားနပ်ရိက္ခာဖူလုံရေးလည်း ပါတယ်။ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လည်း ပါတယ်။ အလုပ်လက်မဲ့ လျော့နည်းပပျောက်ရေးလည်းပါတယ်။ အဲဒါတွေက ဘာဖြစ်လို့ အဲဒီဟာတွေကို ရည်မှန်းချက်ပန်းတိုင်အနေနဲ့ သူတို့ စီမံကိန်း စီမံချက်တွေ ချပြီးတော့ ဆောင်ရွက်ကြ သလဲ ဆိုတော့ ကျွန်မတို့ ကမ္ဘာကြီးမှာ လူဦးရေက ယခင်ကထက်စာလို့ရှိရင် အများကြီး တိုးပွားလာပြီးတဲ့ အခါကျတော့ လူတွေရဲ့ စားရေး၊ ဝတ်ရေး၊ နေရေးတွေ အင်မတန် ခက်ခဲကြမ်းတမ်းလာတဲ့အတွက် ကြပ်တည်းလာတဲ့အတွက် ဒါတွေ ပေါ်ပေါက်လာတယ်လို့ ကျွန်မ အဲဒီလို ယူဆပါတယ်။ နောက်တစ်ခါ ကျတော့ ကျွန်မတို့နေတဲ့ ကမ္ဘာမြေပြင် ကမ္ဘာမြေကြီးရဲ့ ရာသီဥတု ဖောက်ပြန်မှုတွေ၊ သဘာဝပတ်ဝန်းကျင် ဖောက်ပြန်မှုတွေနဲ့ အစစအရာရာဟာ အခုအချိန်မှာ ယခင်ကထက်စာလို့ရှိရင် အင်မတန် ကြမ်းတမ်း

ခက်ခဲတဲ့ အခြေအနေမှာ ရောက်ရှိနေတယ်လို့ ယူဆပါတယ်။ အဲဒီအခါမှာ လူတွေ တစ်နေရာကနေ တစ်နေရာ သွားလာပြီးတော့မှ ကိုယ့်စားဝတ်နေရေးအတွက် ကိုယ့်အသက် ရှင်သန်ရေးအတွက် သွားကြတဲ့အခါမှာ အခုလို လိုအပ်တာထက်ပိုတဲ့ သို့တည်းမဟုတ် အခြေအနေအရ ဖြစ်လာတဲ့ ဒီလိုပြဿနာတွေနဲ့ ဒီလိုဖြစ်စဉ်တွေ ဖြစ်လာတယ်လို့ ကျွန်မ အဲဒီလို ထင်မြင်ယူဆ သုံးသပ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ မြန်မာနိုင်ငံဟာ ဘာပဲပြောပြော အခု လက်ရှိဖြစ်စဉ်မှာ အတတ်နိုင်ဆုံး စိတ်ပိုင်းရုပ်ပိုင်း တာဝန်ပိုင်း စိတ်ပိုင်းဆိုတဲ့အခါကျတော့ ကျွန်မတို့နိုင်ငံက ဗုဒ္ဓဘာသာနိုင်ငံ အများစု ရှိတာနဲ့အမျှ အစောက ပြောသွားတဲ့ ကိုယ်စားလှယ်တော်ကြီးများ ပြောသွားသလိုပဲ ဗြဟ္မစိုရ်တရားနဲ့အညီ မေတ္တာ ကရုဏာ မုဒိတာ ဥပက္ခာ ကိုယ်ချင်းစာတရား စာနာတဲ့စိတ်တွေနဲ့အညီ ကျွန်မတို့က လိုအပ်တာတွေကို စောင့်ရှောက်ပေးထားတာ ဖြစ်သလို တစ်ဖက်မှာလည်း သဒ္ဓါစိတ်နဲ့အညီ ပံ့ပိုးနိုင်ဖို့အတွက် သူတို့ကို အစားရေစာပေးမယ်ဆိုရင် လုံလောက်တဲ့ အစားရေစာ အခြားပံ့ပိုးမှုတွေ ပေးမယ်ဆိုရင်လည်း အခြား ပံ့ပိုးမှုတွေနဲ့ လုံလောက်တဲ့ အတိုင်းအတာ ရှိ/မရှိ ဆိုတာနဲ့ ပါတာဖြစ်သလို ကျွန်မတို့ နိုင်ငံရဲ့ လက်ရှိ ပကတိအခြေအနေကလည်း ကျွန်မတို့က ဒီမိုကရေစီနိုင်ငံအသစ်ကို သွားနေပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး အစစအရာရာ အကုန်လုံးကို ပြန်လည်ပြီးတော့ ထူမတ်ဖို့ အစွမ်းကုန် ကြိုးစားနေတဲ့ အချိန် ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်မတို့ နိုင်ငံထဲမှာတောင်မှပဲ ပြည်သူလူထုရဲ့ စားဝတ်နေရေးအဆင်ပြေဖို့ ပြည်သူတွေ အလုပ်လက်မဲ့ လျော့နည်းလာဖို့ ပြည်သူတွေ ပညာအရည်အချင်းတွေ မြင့်မားဖို့ ပြည်သူတွေ စားဝတ်နေရေး နေရေးရော ထိုင်ရေးရော စားရေးရော အကုန်လုံး ဖူလုံအောင် အကုန်လုံး ကျွန်မတို့ ကြိုးစားပြီးတော့ ဆောင်ရွက်နေတဲ့အချိန် ဖြစ်ပါတယ်။ အခု စာနာတယ်၊ ထောက်ထားတယ်ဆိုတာ စိတ်ပိုင်းဆိုင်ရာအရ အချင်းချင်းတွေ မြင်တဲ့အခါမှာ သနားတယ်၊ ကြင်နာတယ်၊ စာနာတယ်၊ ထောက်ထားတယ် သို့သော်ငြားလည်းပဲ ကိုယ်က အချိန် (၁၀) နိုင်တဲ့လူက အချိန် (၁၀၀) ထမ်းဖို့ ဆိုတာ အင်မတန် ဝန်တာကြီးပါတယ်။ အခု ကျွန်မတို့ နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ပြဋ္ဌာန်းထားတာ ပါပြီးသား နိုင်ငံတကာ နဲ့ ဆက်ဆံတဲ့အခါ ဘယ်လို မူဝါဒတွေနဲ့ ဆက်ဆံ မယ်ဆိုတာ ကျွန်မတို့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၁၊ ၄၂ မှာ ပါ ပါတယ်။ နောက်တစ်ခါ ၁၉၅၅ ခုနှစ်ကတည်းက ကျွန်မတို့ သဘောတူထားခဲ့တဲ့ ဘန်ဒေါင်းက သဘောတူညီချက်တွေလည်း ရှိပါတယ်။ အဲဒီတော့ ဒီ ရှိနေတဲ့အခါမှာ ဒီအပေါ်မှာကျွန်မတို့ မြန်မာနိုင်ငံကို သည်းကြီးမည်းကြီးနဲ့ မြန်မာနိုင်ငံကနေပြီးတော့မှ နေရာဒေသ တစ်ခုကနေပြီးတော့ ဖိနှိပ်လွန်းလို့ နှိပ်စက်လွန်းလို့ ထွက်ပြေးလာတာတို့ ဘာတို့ ဆိုတာတွေဟာ မဟုတ်ဘူး ဆိုတဲ့ဟာကို မေ ၂၉ ရက်နေ့က ထိုင်းနိုင်ငံ ဘန်ကောက်မှာလုပ်တဲ့ အထူးအစည်းအဝေးမှာ ကျွန်မတို့ဆီက သွားတဲ့ အဖွဲ့ခေါင်းဆောင် ဦးတင့်လွင် ကနေပြီးတော့မှ ကျကျနန ပြတ်ပြတ်သားသား ဒါတွေကို ပြန်လည်ပြီးတော့ ချေပပြီးသား ဖြစ်ပါတယ်။ အဲဒီအတွက်လည်း ကျွန်မတို့က ဂုဏ်လည်း ဂုဏ်ယူတယ်၊ ဝမ်းလည်း ဝမ်းမြောက်ပါတယ်။ အဲဒီအပြင် နောက်ထပ် အချက် (၃)ချက်ကိုလည်း အဆိုပြုပြီးတော့ တင်ပြ ပြီးတော့ တောင်းခံခဲ့တယ်လို့ ကျွန်မတို့ ဒီလို သိရပါတယ်။ အဲဒီထဲမှာ လိုအပ်တဲ့ ဥပဒေတွေ ဆောင်ရွက်ဖို့ ဆိုတာလည်း နံပါတ်(၁) အချက်အနေနဲ့ ထည့်ပြီးတော့ တောင်းခဲ့တယ် ဆိုတာလည်း သိရပါတယ်။

အဲဒီတော့ မြန်မာနိုင်ငံအနေနဲ့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁ မှာတော့ နိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်း

ရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူ ယှဥ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်လို့ ပြဋ္ဌာန်းထားပြီးတော့ ၄၂ (က) မှာတော့ နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်း မပြုဆိုပြီး ပါပြီးတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၂ (ခ)မှာ ကျတော့ နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့် မပြု ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၉ မှာကျတော့ ပြည်ထောင်စု အစိုးရသည် နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေ စိုးမိုးရေးကို ထိန်းသိမ်း စောင့်ရှောက်သည်လို့ ထပ်မံပြဋ္ဌာန်းထားပါတယ်။ အဲဒါကြောင့်မိုလို့ မြန်မာနိုင်ငံရဲ့ နိုင်ငံတော်အစိုးရဟာ ဘယ်လိုပဲ စေတနာ မေတ္တာတရားတွေ ရှိရှိ ဘယ်လိုပဲနားလည်မှုတွေ ရှိရှိ ကျွန်မတို့နိုင်ငံရဲ့ အခြေအနေ တွေ၊ ကျွန်မတို့နိုင်ငံရဲ့ ဥပဒေတွေ နိုင်ငံတကာရဲ့ပဋိညာဉ်တွေ အကုန်လုံးကို ကျွန်မတို့က ကြည့်ပြီးတဲ့ အခါကျတော့မှ အဲဒီဟာတွေနဲ့ ဘောင်ဝင်ပြီးတော့မှ စောင့်ရှောက်လို့ရတဲ့ အတိုင်းအတာတစ်ခုအထိပဲ စောင့်ရှောက်ပြီးတော့ လုပ်စရာ ရှိတာတွေကိုလည်း တာဝန်ပိုင်းအရ ပြတ်ပြတ်သားသား ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီမှာ ဘန်ဒေါင်းမှာ ၁၉၅၅ ခုနှစ်က သဘောတူညီခဲ့တဲ့ အထဲက အချက်အချို့ကို တင်ပြခွင့် ပြုပါ ကျွန်မကို။ အဲဒါကတော့ ဒီမှာ အနှစ်သာရ အနေနဲ့ကတော့ ငြိမ်းချမ်းရေး ပြဿနာဟာ နိုင်ငံတကာ လုံခြုံရေးပြဿနာနဲ့ဆက်စပ်လျက်ရှိတယ်ဆိုတဲ့ စာပိုဒ်လေးတစ်ခုပါပါတယ်။ နောက်ကျတော့ နိုင်ငံများ၏ အချုပ်အခြာ အာဏာပိုင်မှုနှင့် နယ်မြေ တည်တံ့မှုကို လေးစားခြင်း ဆိုတာ ပါပါတယ်။ ဒါ အားလုံး သဘောတူညီ ထားတဲ့ အချက်တွေပါ။

နောက်တစ်ခါ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းနဲ့ ဝင်ရောက် ကျူးကျော်ခြင်းမှ ရှောင်ကြဥ်ခြင်းဆိုပြီး ပါပါတယ်။ ကုလသမဂ္ဂ ပဋိညာဥ်စာတမ်းနှင့်အညီ နိုင်ငံတိုင်း သည် မိမိကိုယ်ကို ကာကွယ်ရေးအတွက် တစ်နိုင်ငံချင်းသော်လည်းကောင်း စုပေါင်း၍ သော်လည်း ကောင်း ကာကွယ်ပိုင်ခွင့် ရှိမှုကို လေးစားခြင်းဆိုပြီး ပါပါတယ်။ နောက်တစ်ခုကကျတော့ (က) ပထမ တစ်ခုက စုပေါင်းကာကွယ်မှုကို အင်အားကြီးနိုင်ငံ တစ်နိုင်ငံ၏ အကျိုးစီးပွားအတွက် အသုံးချခြင်းနဲ့ နံပါတ် (ခ)က နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံများအပေါ် အကြပ်ကိုင်ခြင်းများကို ရှောင်ကြဥ်ခြင်း ဆိုပြီး တော့ ပါ ပါတယ်။ နောက်တစ်ခါ နိုင်ငံတိုင်း၏ နယ်မြေတည်တံ့မှု သို့မဟုတ် နိုင်ငံရေး လွတ်လပ်မှုကို ကျူးကျော်ခြင်း သို့မဟုတ် ကျူးကျော်ရန် ခြိမ်းခြောက်ခြင်းသို့မဟုတ် အင်အားကို အသုံးပြုခြင်းများအား ရှောင်ကြဥ်ခြင်း ဆိုပြီးတော့ ပါပါတယ်။ နောက်တစ်ခါ အပြည်ပြည် ဆိုင်ရာ အငြင်းပွားမှုများကို တွေ့ဆုံ ဆွေးနွေးခြင်း စေ့စပ်လိုက်လျောခြင်း၊ ဖျန်ဖြေခြင်းနှင့် တရားဥပဒေနှင့်အညီဖြေရှင်းခြင်း စသော ငြိမ်းချမ်းသော နည်းလမ်းများဖြင့် သက်ဆိုင်ရာ နိုင်ငံတို့က ကုလသမဂ္ဂ ပဋိညာဥ် စာတမ်းနှင့်အညီ ဖြေရှင်းခြင်းလို့ပါပြီးတော့ နောက်တစ်ခုက အပြန်အလှန်အကျိုးရှိမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုကို တိုးတက်မြှင့်တင်ခြင်း ဆိုပြီးတော့ပါပါတယ်။

နောက်ဆုံးကတော့ တရားမျှတမှုနှင့် အပြည်ပြည်ဆိုင်ရာဝတ္တရားများကို လေးစားခြင်း ဆိုပြီးတော့ ပါပါတယ်။ ဒီဟာတွေနဲ့အညီ ကျွန်မတို့နိုင်ငံက တစ်နိုင်ငံနဲ့တစ်နိုင်ငံ လေးလေးစားစားနဲ့ လိုအပ်တဲ့ဟာကို လိုအပ်သလို ညှိနှိုင်းတိုင်ပင်ဆွေးနွေးဖို့ သူတို့ ဖိတ်တဲ့အစည်းအဝေးတွေကို ကျွန်မတို့ နိုင်ငံက တက်ခဲ့ပါတယ်။ နောက် လိုအပ်တာတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်။ ဒီဖြစ်လာတဲ့ အခြေအနေတွေကတော့ လောလောဆယ် ကျွန်မ စောစောက ဆွေးနွေးတင်ပြခဲ့သလိုပဲ တစ်ကမ္ဘာလုံးမှာ ဖြစ်လာတဲ့ လူဦးရေ တိုးပွားမှုတွေ အစစ အရာရာမှာ ကြပ်တည်းမှုတွေ အဲဒါတွေကနေပြီးတော့မှ

ဖြစ်ပေါ်လာတာ ဖြစ်တဲ့အတွက် ဘာပဲဖြစ်ဖြစ် ကျွန်မတို့က ကျွန်မတို့ရဲ့ နိုင်ငံရေး အနှစ်သာရ ဖြစ်တဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်တဲ့ မေတ္တာ ကရုဏာ အကြင်နာ တရားတွေကိုလည်း ပြတယ်။ နောက်တစ်ခါ တတ်နိုင်သလောက် အတိုင်းအတာ တစ်ခုအထိ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်း ကိုယ်သွား ဆိုသော်ငြားလည်းပဲ ကိုယ့်ဝန်နဲ့ပိုလာတဲ့ဟာကိုလည်း အတတ်နိုင်ဆုံး မျှဝေပြီးတော့ ဖြေရှင်းပြီး ဆောင်ရွက်ပေးနေတယ် အခုမီဒီယာတွေမှတစ်ဆင့်လည်း ကျွန်မတို့နိုင်ငံက ရောက်လာ တဲ့ဟာတွေကို လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးပြီးလိုရာကို သူတို့ သွားချင်တဲ့ဆီကို ဘေးမသီရန်မခရအောင် သက်ဆိုင်ရာတွေနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးနေတယ်လို့ ကြားရတာ ဖြစ်တဲ့အတွက် ကျွန်မတို့က အင်မတန် ကျွန်မတို့နိုင်ငံရဲ့ ဆောင်ရွက်ချက်တွေကို ဂုဏ်ယူပါတယ်။ ဝမ်းမြောက်ပါတယ်။သို့သော်လည်း ထိုင်းနိုင်ငံ ဘန်ကောက်မှာ ဦးထင်လင်း တောင်းဆိုခဲ့တဲ့ လိုအပ်တဲ့ ဥပဒေနဲ့ ပြတ်ပြတ်သားသား ဆောင်ရွက်စရာရှိတာကို ဆောင်ရွက်ပေးဖို့ တောင်းဆိုခဲ့တာကိုလည်း ကျွန်မတို့က အဲဒါကို ထောက်ခံ ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မ နိဂုံးချုပ် ပြောရရင်တော့ ဦးလှဆွေရဲ့ အဆိုကို ကျွန်မက လေးလေး နက်နက်နဲ့ အခု ကျွန်မတို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ကျွန်မတို့ သဘောတူထားတဲ့ ၁၉၅၅ ခုနှစ် ဘန်ဒေါင်းငြိမ်းချမ်းရေး ပဋိညာဉ်တွေနဲ့အညီ ဆောင်ရွက်ပေးမယ်ဆိုရင်တော့ အကောင်းဆုံး ပါပဲလို့ ဆွေးနွေးရင်းနဲ့ ကျွန်မ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)၏ လှေစီးပြေး ရွှေ့ပြောင်းသူများနှင့်ပတ်သက်၍ ပြတ်သားသော မူဝါဒ ချမှတ်ဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အရေးကြီး အဆိုနှင့်ပတ်သက်၍ ဥက္ကဋ္ဌ၏ ပြောကြားချက်**

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ။** ။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ဥက္ကဋ္ဌ အနေနဲ့လည်း လွှတ်တော်ကို တင်ပြစရာရှိပါတယ်။ လွှတ်တော်ဥက္ကဋ္ဌ အနေနဲ့ Australian National University ကနေပြီးတော့ ဖိတ်ကြားချက်အရ အဲဒီမှာ ကျင်းပတဲ့ Myanmar Update မြန်မာ့ရေးရာ သုတေသန Conference မှာ Keynote Speech ပေးဖို့ သွားခဲ့တာ မနေ့ည ညသန်းခေါင်မှ ပြန်ရောက်တာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီ Conference ဒီကိစ္စ ထည့်ပြီးတော့ မဆွေးနွေးပါဘူး။ Tea Break မှာ စပြီးတော့ ဩစတြေးလျက အခုတော့ Rector လုပ်နေတယ် အရင်တုန်းကတော့ နိုင်ငံခြားရေး ဝန်ကြီးဟောင်း နိုင်ငံရေးသမား တစ်ယောက်က ဒါကို ပြောလာတယ်။ ပြောလာတော့ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းနဲ့ယှဉ်ပြီးတော့ သူရှင်းပြပါတယ်။ အဲဒီအချိန်မှာ ဒီစကားဝိုင်းမှာ အမေရိကန်က မေရီကလဟန် Professor သူကလည်း ဥက္ကဋ္ဌဘက်ကနေ ဝင်ပြီးတော့ White Card ကိစ္စကစပြီး သမိုင်းကြောင်းတွေနဲ့ ဝင်ရှင်းတယ်။ နောက် Session တစ်ခု ရှိတဲ့အတွက် ဒါက ရပ်သွားတယ်။ ရပ်သွားပြီးတော့ Rector ကနေပြီးတော့ ဥက္ကဋ္ဌကို Lunch နဲ့ ဂုဏ်ပြုကျွေးမွေးတဲ့အခါမှာ တစ်ခါ ဒီကိစ္စ ထပ်ပြောတယ်။ ကမ္ဘာကနေပြီးတော့ မြန်မာကို အကြီးအကျယ် အပြစ်တင်နေတယ်။ (၂)သောင်း၊ (၃)သောင်းလောက် လက်ခံလိုက်ပါလားဆိုတဲ့ အခြေအနေ ပြောလာတယ်။ ပြန်ပြောခဲ့တဲ့ကိစ္စတွေကတော့ ဥက္ကဋ္ဌရဲ့ တစ်ဦးတည်းရဲ့ အမြင် ဖြစ်ပါတယ်။ ဒါပေမဲ့ လွှတ်တော်ကို ပြန်တင်ပြတာပါ။ အဲဒီတော့ ဒီကိစ္စ Migration Problem ပဲ ကမ္ဘာပေါ်မှာ လူအုပ်စုအလိုက် ထွက်ပြေးတယ်ဆိုတာက လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀၀၀ လောက်ကတည်းက ပင်လယ်ပြင် ကို ဖြတ်ပြေးတယ်။ Exodus ဆိုတာက နာမည်ကြီးပဲ လူတိုင်းသိတယ်။ နောက်ပိုင်းလည်း ဒီဖြစ်စဉ်တွေ

အများကြီး ဖြစ်ခဲ့တာပေါ့ ဒီဖြစ်စဥ်မျိုးက အဲဒီအချိန်က ဖြစ်တာကတော့ လူမျိုးတစ်မျိုးကို အရမ်းကို နှိပ်ကွပ်သတ်ဖြတ်တဲ့အတွက် ထွက်ပြေးကြတာ ဒီနေ့ ဖြစ်တာတော့ ငတ်မွတ်ခေါင်းပါးလွန်းလို့ ထွက်ပြေးကြတဲ့သဘော ဖြစ်တယ်။ ဒါကို ဒီမှာ တစ်ကြိမ်ချင်း တစ်ကြိမ်ချင်း ရှင်းနေလို့မရဘူး။ ပြဿနာရဲ့ အရင်းအမြစ်ကို ရှာပြီးမှ ဝိုင်းဝန်းရှင်းမှ ရမယ်။ ဒီတစ်ကြိမ်ရှင်းလိုက်ရင်လည်း နောက်တစ်ကြိမ် ထပ်ပေါ်မှာပဲ ဒါမျိုးက ဆုံးမှာကိုမဟုတ်ဘူး။ အဲဒီတော့ ဒီလို ဖြစ်ဖို့ ကိစ္စမျိုးမှာ ရောက်ရာအရပ်မှာ မြန်မာလို့ ပြောခိုင်းနေတာ ဘယ်သူ့ရဲ့ မဟာဗျူဟာလဲ ဘယ်သူ့ရဲ့ အစီအမံလဲ ဒါပါ စဥ်းစားဖို့ လိုလိမ့်မယ်။ မြန်မာနိုင်ငံဆိုတာက စားနပ်ရိက္ခာ ဖူလုံတဲ့အပြင် ပိုလျှံလျက်ရှိတယ်။ တို့မြန်မာ ဆန်ရှိရင် ရတယ်။ ဆားရှိရင် ရတယ်။ အခုဟာက ဆန်လည်း အလုံအလောက် ရှိတယ်။ လူဦးရေလည်း ပေါက်ကွဲခြင်း မရှိဘူး။ တို့နိုင်ငံရဲ့ နိုင်ငံအကျယ်အဝန်းက စတုရန်းကီလိုမီတာ(၆၇၇၀၀၀) ရှိတယ်။ အဲဒီတော့ လူဦးရေက (၅၁)သန်းလောက်ပဲ ရှိတယ်။ (၁)စတုရန်း ကီလိုမီတာမှာ (၇၆)ဦးနှုန်း Average နေတယ်။ လူဦးရေ ပေါက်ကွဲခြင်းလည်း မရှိဘူး။ တို့ရဲ့ ရေမြေ သယံဇာတ ရာသီဥတု ကောင်းမွန်တယ်။ အစားအသောက် ဖူလုံတယ်။ ကမ္ဘာပေါ်မှာ အစားအသောက် ဖူလုံတဲ့ နေရာမှာ သူက နံပါတ် (၁)ပဲ အဲဒီတော့ လူဦးရေ ပေါက်ကွဲတဲ့ နိုင်ငံကနေပြီး သမုဒ္ဒရာကို ဖြတ်ပြီး ထွက်တဲ့ဟာက သာမန် ရိုးရိုး မဟုတ်ဘူး။ နိုင်ငံသစ် တည်ဆောက်ဖို့လားဆိုတာထိ စဥ်းစားဖို့ လိုတယ်။ ကမ္ဘာပေါ်မှာ မြေနေရာ လွတ်မရှိလို့ နိုင်ငံသစ် တည်ဆောက်ဖို့ မဖြစ်နိုင်ရဘူးလို့ မဟုတ်ဘူး ရောက်ရာ အရပ်မှာ သူတို့ရဲ့ ကိုယ်ပိုင်ဒေသဖြစ်အောင် သဲကန္တရထဲမှာ ကုလားအုတ်လိုပဲ ခေါင်းလေး ဝင်ခွင့်ပြုတာနဲ့ ကိုယ်လုံးပါ ဝင်လာပြီးမှ နယ်မြေ တောင်းဆိုတာတွေ ဖြစ်အောင် လုပ်နေတာလား။ ဒါက နယ်ချဲ့ပုံစံသစ် မဟာဗျူဟာ တစ်ခု ဟုတ်/မဟုတ်ရော မစဥ်းစားသင့်ဘူးလား။ အဲဒီတော့ အခု တွေ့တဲ့လူတွေ မြန်မာက လက်ခံပါ ဆိုတဲ့အခါကျတော့ TV အင်တာဗျူးမှာတော့ ပြောတယ် ကျွန်တော်တို့ ရုပ်နဲ့တူသလား။ ကျွန်တော်တို့ဆီက တိုင်းရင်းသားစကားတစ်မျိုးမျိုးရော ပြောတတ်သလား။ အဲဒီလူတွေက အဲဒီလို မဟုတ်တဲ့လူတွေကို Migrate ပြဿနာနဲ့ရင်ဆိုင်နေရတဲ့ မြန်မာနိုင်ငံအပေါ်ကို ပုံချတယ်ဆိုတဲ့ကိစ္စက ဒီလို ပြောတဲ့လူတွေက အဆင်အခြင် ကင်းမဲ့ပြီးတော့ အကျိုးအကြောင်း ဆီလျော်စွာစဥ်းစားဆင်ခြင်ခြင်းမရှိဘဲ ပြောနေတဲ့ လူတွေ ဖြစ်ကြောင်း ကျွန်တော် အတိအလင်း ပြောတယ်။ တီဗွီမှာလည်း ဒီလိုပဲ ပြောလိုက်ပါတယ်။ ပြောလိုက်တော့ နောက်ဆုံးမှာ ဒီပြဿနာကို မြန်မာနိုင်ငံအပေါ် ပုံချရင် မြန်မာပြည်သူကလည်း လက်ခံမှာ မဟုတ်ဘူး။ အဲဒီတော့ ခင်ဗျား (၂)သောင်း (၃)သောင်း လက်ခံချင်တယ်ဆိုရင် သူက ပြောတယ် သူသာ ဩစတြေးလျဝန်ကြီးချုပ်ဖြစ်ရင် (၂)သောင်း (၃)သောင်း လက်ခံပါတယ်။ အဲဒီ (၂)သောင်း (၃)သောင်းက ချက်ချင်း (၂)သိန်း (၃)သိန်း ဖြစ်သွားမယ် နောက်ထပ်(၂)သန်း (၃)သန်း ဖြစ်သွားမယ်။ ခင်ဗျား အခုပဲ ဝန်ကြီးချုပ် ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းတယ်ဆိုပြီးတော့ ပြင်းပြင်းထန်ထန် ပြောကြတယ်။ အဲဒီကျတော့မှပဲ ရပ်သွားတယ်။ ကျွန်တော်ကတော့ ဝန်ကြီးချုပ် မဖြစ်နိုင်တော့ပါဘူး ဆိုတာမျိုးခင်ဗျား ဒါဆိုလည်း ဘာလို့ လျှောက်ပြောနေလဲ။ ဥက္ကဋ္ဌလည်း တော်တော် တင်းတင်းမာမာ ဒီကိစ္စကို ပြောခဲ့တော့ ဂါလာ Dinner တောင်မတက်တော့ဘူး။ဒါကို သဘောပေါက် ပြီးတော့ ကျန်တဲ့ Professor တွေ ဒုတိယပါမောက္ခချုပ်တွေက တောင်းပန်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး တောင်းပန်တယ်။ နောက် ဥက္ကဋ္ဌပြောတာ လက်ခံပါတယ် ဆိုတာမျိုး သူတို့ TV တွေကလည်း ပြတဲ့ အခါကျတော့ ပရိသတ်ကလည်း လက်ခံပါတယ်၊ သူတို့ပြန်ပြီး နှစ်သိမ့်တဲ့သဘောမျိုးတော့ ဖြစ်ခဲ့တာ ပေါ့နော်။ ဒီဖြစ်စဥ် ဖြစ်ခဲ့တာကို လွှတ်တော်ကို တင်ပြတာဖြစ်ပါတယ်။ ဒါကတော့ တစ်ဦးတည်းရဲ့

သဘောထားပါ။ အဆိုနှင့် စပ်လျဉ်းပြီးတော့ ဘယ်ဝန်ကြီးဌာနက အရင်ရှင်းချင်လဲ နိုင်ငံခြားရေး ဝန်ကြီးဌာနက အရင်ရှင်းမလား၊ ပြည်ထဲရေးဝန်ကြီးဌာနက အရင် ရှင်းမလား။

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည် ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဦးသန့်ကျော်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား မင်္ဂလာပါ။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော် ဖြစ်ပါတယ်။ ပင်လယ်အတွင်း တရားမဝင် ရွှေ့ပြောင်းသွားလာသူများကိစ္စ အခုလို ရှင်းလင်းတင်ပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ရှိ ပါတယ်။ ဒီဖြစ်ရပ်ဟာ တစ်နိုင်ငံလုံး တစ်မျိုးသားလုံးအတွက် အရေးကြီး လေးနက်သိမ်မွေ့တဲ့ကိစ္စလည်း ဖြစ်ပါတယ်။ လှေစီးပြေး ရွှေ့ပြောင်းသူများနဲ့ပတ်သက်ပြီး ပြတ်သားသောမူဝါဒ ချမှတ်ဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးလှဆွေ တင်သွင်းခဲ့တဲ့ အရေးကြီးအဆိုနဲ့ပတ်သက်ပြီး နိုင်ငံတော်ရဲ့ မူဝါဒပိုင်းများကို ရှင်းလင်းမတင်ပြမီ အချက်အလက်နဲ့ ဖြစ်စဉ်အကျဉ်းကို ကနဦး တင်ပြလိုပါတယ်။

၂၀၁၅ ခုနှစ် မေလဆန်းကစပြီး ကပ္ပလီပင်လယ်နဲ့ မလက်ကာရေလက်ကြားပင်လယ်တွင်း လှေစီးပြေး ရွှေ့ပြောင်းသွားလာသူများ မျှောပါရောက်ရှိနေကြောင်း နိုင်ငံတကာသတင်းများက ဦးစားပေး ဖော်ပြထားကြပါတယ်။ လူမှောင်ခို ကုန်ကူးသူတွေက စွန့်ပစ်ထားခဲ့သူများဖြစ်ကြောင်းလည်း ဖော်ပြခဲ့ ကြပါတယ်။ ဒီလို သတင်းများ ထွက်လာတာနဲ့ စပ်လျဉ်းပြီး မြန်မာနိုင်ငံက နိုင်ငံတကာ အသိုက်အဝန်းနဲ့ ထပ်တူ စိုးရိမ်မှုများရှိကြောင်း ဒေသတွင်း လူမှောင်ခိုကူးမှုနဲ့ တရားမဝင် ရွှေ့ပြောင်းသွားလာမှုများ အကျိုးဆက်အဖြစ် သာမန် အပြစ်မဲ့သူများ အတိဒုက္ခ နဲ့ အသက်ဘေးအန္တရာယ်များ ကြုံတွေ့ရမည်ကို စိုးရိမ်ကြောင်း လူမှောင်ခိုကူးမှုနဲ့ တရားမဝင် ရွှေ့ပြောင်းသွားလာမှုများ တားဆီးသည့်လုပ်ငန်းများကို မိမိတို့ကလည်း တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆောင်ရွက်လျက်ရှိကြောင်း မိမိနိုင်ငံရဲ့ ရေပြင်ပိုင်နက် အတွင်း တရားမဝင် ဖြတ်သန်းသွားလာမှုမရှိစေရေး ဤသို့ဖြတ်သန်းသွားလာခြင်းကြောင့် ပင်လယ်ပြင် အတွင်း အတိဒုက္ခ မရောက်စေရေးအတွက် မြန်မာ့တပ်မတော်ရေနဲ့ မြန်မာ့တပ်မတော်လေတို့က မိမိ ပိုင်နက်ရေပြင်အတွင်း ပုံမှန်ကင်းလှည့် ရှာဖွေမှုများပြုလုပ်လျက်ရှိကြောင်းစတဲ့ နိုင်ငံတာ်ရဲ့သဘောထား နဲ့ ဆောင်ရွက်ပေးနိုင်မှုအခြေအနေတွေကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှာ သတင်းထုတ်ပြန်ပေးခဲ့ပါတယ်။ အဲဒီသတင်းထုတ်ပြန်ချက်က ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပထမဆုံးအခြေခံတဲ့ မူဆိုင်ရာ ချဉ်းကပ်မှုပဲ ဖြစ်ပါတယ်။

ထို့အတူ မေလ ၂၂ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးမှ ပင်လယ်ပြင်အတွင်း တရားမဝင် ရွှေ့ပြောင်းသွားလာမှုများဆိုင်ရာ အရေးပေါ် စီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းလိုက်ပြီး လိုအပ်တဲ့ ဦးဆောင်မှုပြုပါတယ်။ ပင်လယ်အတွင်း လှေစီးထွက်ခွာကြတဲ့ သတင်းတွေအပေါ် မြန်မာက နိုင်ငံတကာ အသိုက်အဝန်း စိုးရိမ်သကဲ့သို့ စိုးရိမ်မှုများရှိကြောင်း ဖြစ်ပေါ်နေတဲ့အခြေအနေကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာ တုန့်ပြန်လျက်ရှိခြင်းကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့က

ထုတ်ပြန်ခဲ့တဲ့ မေလ ၁၉ ရက်၊ ၂၃ ရက်၊ ၂၅ ရက်၊ ၃၀ ရက်နှင့် ဇွန်လ ၃ ရက် သတင်းထုတ်ပြန်ချက်တွေမှာ တွေ့ရမှာ ဖြစ်ပါတယ်။ ဖြစ်နေတဲ့အခြေအနေ၊ အခြေခံမူနဲ့ သဘောထားတွေကို စဉ်ဆက်မပြတ် ထုတ်ပြန်အသိပေးခဲ့ပါတယ်။ ဒါတွေကို စုစည်းကြည့်မယ်ဆိုရင် မြန်မာဘက်က ဆောင်ရွက်တဲ့ တိကျတဲ့ မူများကို ဖော်ထုတ်ပြီး ဆောင်ရွက်နေပြီဆိုတာ တွေ့ရမှာ ဖြစ်ပါတယ်။

ပင်လယ်အတွင်း လှေစီးထွက်ခွာသူများနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာက လက်ခံဆောင်ရွက်ကြတဲ့ တာဝန်ယူရမှုများ၊ မြန်မာနိုင်ငံရဲ့ ပြည်တွင်းဥပဒေများအပြင် မြန်မာနိုင်ငံက ပါဝင်ထားတဲ့ နိုင်ငံတကာ စာချုပ်စာတမ်းတွေမှာပါတဲ့ တာဝန်ဝတ္တရားတွေကို လိုက်နာလျက်လည်း ရှိပါတယ်။ ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Convention on the Law of the Sea) စာချုပ်ဝင်နိုင်ငံလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံက အချို့သော နိုင်ငံတကာ စာချုပ်စာတမ်းများကို ပါဝင်နိုင်မှု မရှိသေးသည့်တိုင် ယင်းစာချုပ်များရဲ့ ရည်မှန်းချက်များကို ဆန့်ကျင်ပြီး ဆောင်ရွက်ခြင်းမပြုပါ။ ဆန့်ကျင်ဆောင်ရွက်ဖို့အတွက် ယနေ့နိုင်ငံတကာ အခြေအနေတွေကလည်း ခွင့်ပြုမပေးတော့ပါ။ ကျင့်ဝတ်ပါပိုင်းဆိုင်ရာ ဝတ္တရား (Moral Obligation) ကို နိုင်ငံအားလုံးက လိုက်နာလာကြရပါတယ်။

မြန်မာနိုင်ငံဟာ နိုင်ငံတကာ မိသားစုဝင်ဖြစ်တာနဲ့အညီ မိမိပင်လယ်ပြင်မှာ အသက်ဘေးအန္တရာယ် ရင်ဆိုင်နေကြရတဲ့သူတွေ အသက်မဆုံးရှုံးအောင် ကာကွယ်စောင့်ရှောက်မှုတွေ ပေးဖို့၊ ပါဝင်ဖြေရှင်းဖို့ တာဝန်တွေလည်း ရှိလာပါတယ်။ အချို့သော အခြေအနေတွေမှာ နိုင်ငံအချို့အနေနဲ့ အရေးပေါ် အကူအညီပေးပြီး ပင်လယ်ပြင်ထဲကို ပြန်လည်ပို့ဆောင်မှုများ ရှိနိုင်ခဲ့၊ ပြုလုပ်ခဲ့ကြသော်လည်း ဒီနိုင်ငံတွေကို စိစစ်ကြည့်မယ်ဆိုရင် အဲဒီနိုင်ငံတွေက လှေစီးထွက်ခွာသူများ ဦးတည်ပြီး သွားရောက်လိုကြတဲ့ နိုင်ငံတွေပဲ ဖြစ်ပါတယ်။ အဲဒီနိုင်ငံတွေဟာ ယခင်အချိန်များက လှေစီးထွက်ခွာ ရွှေ့ပြောင်းသူတွေကို လက်ခံခဲ့ခြင်းများ ပြုလုပ်တာ ရှိခဲ့ကြပါတယ်။ မြန်မာနိုင်ငံကတော့ လှေစီးတွေ ဦးတည်သွားရောက်လိုတဲ့နိုင်ငံဆိုတာထက် စတင်ပြီး ထွက်ခွာရာနိုင်ငံဖြစ်တယ်လို့ စွပ်စွဲပြောဆိုမှုများ ခံရမှုလည်း ရှိနေပြန်ပါတယ်။ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတွေနဲ့ မတူတဲ့အနေအထားတစ်ခု ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ အဖြစ်အပျက် နှစ်ရပ်မှာ မိမိတို့အနေနဲ့ မိမိတို့ပင်လယ်အတွင်း လှေစီးထွက်ခွာသူတွေ ဒုက္ခတွေ့နေချိန်မှာ တွေ့ရှိပြီးမှ ပြန်လည်ပို့ဆောင်မှုများ ရှိခဲ့ပါက နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ အထင်အမြင် ပိုမိုလွဲမှားစရာဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုပုံစံနဲ့ ပုံဖော်စွပ်စွဲမှုများကို လွဲမှားစွာ ပြုလုပ်လာစရာ ရှိပါတယ်။ အထင်အမြင် လွဲရုံသာမက မလိုလားအပ်တဲ့ တစ်ဖက်သက် ဖိအားပေးမှုများနှင့် တစ်စုံတစ်ရာ အရေးယူလုပ်ဆောင်မှု၊ ကြိုးပမ်းမှုများလည်း ပြုလုပ်ပေါ်ပေါက်လာပါက မိမိတို့အတွက် ကောင်းကျိုးကို ဖြစ်စေနိုင်မည် မဟုတ်ပါ။ နိုင်ငံတကာ အသိုက်အဝန်းထဲမှာ နေနေကြတဲ့ နိုင်ငံတစ်ခု၊ အများရဲ့ အာရုံစိုက်ခံရတဲ့အအခြေအနေမှာ တာဝန်သိတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ မိမိတို့ရဲ့ မိမိနိုင်ငံရဲ့ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ မိမိပါဝင်ထားတဲ့ နိုင်ငံတကာ သဘောတူညီချက်များနဲ့ မူဘောင်အတွင်းမှာ ဆောင်ရွက်ခြင်းက မိမိနိုင်ငံအပေါ် မလိုလားအပ်တဲ့ ပြစ်တင်စွပ်စွဲမှုများ ကာကွယ်ဖို့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

မေလ ၂၁ ရက်နေ့မှာ ရခိုင်ပြည်နယ် မောင်းတောမြို့နယ်၊ သင်္ဘောကွေ့ကျေးရွာ အနောက်ဘက် ပင်လယ်ပြင်မှာ စက်လှေ(၂)စီးနဲ့ လှေစီးဒုက္ခသည် (၂၀၈)ဦးကို တွေ့ရှိကယ်ဆယ်ခဲ့ပါတယ်။ လူသားချင်း

စာနာထောက်ထားမှုအခြေခံအဖြစ် ယာယီစောင့်ရှောက်မှုပေးခြင်း ဖြစ်ပါတယ်။ ဒီ လှေစီး သွားလာသူတွေကို လက်ရှိအချိန်မှာ အသက်အန္တရာယ်ကနေ ကင်းဝေးဖို့ လူသားချင်းစာနာထောက်ထားတဲ့အနေနဲ့ ကယ်ဆယ်ထားတာ ဖြစ်သော်လည်း ကာလရှည်ကြာစွာ လက်ခံထားနိုင်တဲ့ အခြေအနေ မရှိပါ။ ဤသို့ ထားရှိရန်လည်း ရည်ရွယ်ချက်လည်း မရှိပါ။ ကယ်ဆယ်ထားတဲ့ လှေစီး(၂၀၈)ဦး ထွက်လာခဲ့တဲ့ ပင်ရင်းနေရာ သိရှိရန် လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်တဲ့အဖွဲ့က စိစစ်မှုများ ပြုလုပ်ခဲ့ရာမှာ ၎င်းတို့အယောက် (၂၀၀)ဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇား၊ စစ်တကောင်းနဲ့ ဒါကာ မြောက်ခြမ်းတွင် နေထိုင်ကြတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒီလူတွေကို မူရင်းနိုင်ငံကို အမြန်ဆုံးပို့ဆောင်ဖို့ ဆောင်ရွက်ရာမှာ သက်ဆိုင်ရာ သံရုံးနှင့် အကြိမ်များစွာ ညှိခဲ့ပါတယ်။ ရန်ကုန်မှာရှိတဲ့ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး က ဇွန်လ ၃၀ ရက်နေ့မှာ ခေါ်ယူတွေ့ဆုံခဲ့ပါတယ်။ ဒါကာမှာရှိတဲ့ မြန်မာသံအမတ်ကြီးကလည်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူတွေကို သွားရောက်တွေ့ဆုံ ပြောကြားညှိနှိုင်းခဲ့ပါတယ်။ စစ်တွေမြို့၊ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်က မောင်တောမှာ ကယ်တင်ထားတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေကို ကောင်စစ်တွေ့ဆုံမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အခုအချိန်မှာ ရရှိထားတဲ့အချက်အလက်တွေကို မူရင်းနိုင်ငံကို ပေးပို့ပြီး စိစစ်မှုတွေ ပြုလုပ်ပြီးသလောက် ဖြစ်နေပါပြီ။ အမြန်ဆုံး ပြန်လည်ခေါ်ဆောင်သွားဖို့အတွက် ပုံမှန်ဆက်သွယ် ညှိနှိုင်းတိုက်တွန်းမှုများ ပြုလုပ်လျက် ရှိပါတယ်။

ဒီလိုဆောင်ရွက်ချက်တွေအရ ဇွန်လ (၈)ရက် ဒီကနေ့၊ ဒီရက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က ပထမဦးဆုံးအကြိမ်အဖြစ် လူ(၁၅၀)ဦးကို ပြန်လည်ခေါ်ယူမှုများ စတင်ပြုလုပ်မှာ ဖြစ်ပါတယ်။ မြန်မာဘက်က လွှဲပြောင်းမှုကိစ္စများကို ဒုတိယဒေသ ကွပ်ကဲရေးမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးက ကြီးကြပ်မှာဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှာ နယ်ခြားစောင့်တပ်ရင်းမှူး ဦးစီးတဲ့ ကိုယ်စားလှယ် အဖွဲ့ထံ လွှဲပြောင်းပေးအပ်ဖို့ စီစဉ်မှာ ဖြစ်ပါတယ်။ ကျန်တဲ့ လူ(၅၀)ဦးကိစ္စကိုလည်း အချက်အလက် ပြည့်စုံစေရန် ထပ်မံစိစစ်နေပြီး ဆက်လက်လွှဲပြောင်းနိုင်ရေး စီစဉ်နေပါတယ်။

နောက် (၇၃၄)ဦးပါ လှေစီး ထွက်ပြေးသူများကိစ္စနဲ့စပ်လျဉ်းပြီး မြန်မာလူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်တဲ့ စိစစ်ရေးအဖွဲ့က ဘင်္ဂလားဒေ့ရှ်သံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး၊ ကိုယ်စားလှယ်များနှင့်အတူ ဇွန်လ (၆)ရက်နေ့က စိစစ်မှုများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မြန်မာဘက်က စိစစ်ခဲ့ထားပြီးဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား အမျိုးသမီး နှင့် ကလေး (၁၈)ဦး အပါအဝင် စုစုပေါင်း (၃၃၀)ဦးကို ပထမအကြိမ် စိစစ်ခဲ့ပြီး ဖြစ်ပါတယ်။ မနေ့က ဇွန်လ (၇)ရက်နေ့မှာလည်း ဆက်လက်စိစစ်မှာ ဖြစ်ပါတယ်။ တိုးတက်မှုအခြေအနေများကိုလည်း သိရှိရတဲ့အခါ ဆက် လက် ထုတ်ဖော်တင်ပြမှာ ဖြစ်ပါတယ်။

ဒီလို မိမိနိုင်ငံသား ဟုတ်/မဟုတ် စိစစ်တဲ့လုပ်ငန်းစဉ်ဟာ မြန်မာနိုင်ငံကို ဆိုက်ရောက်လာပါကလည်း မြန်မာနိုင်ငံဘက်ကလည်း လုပ်ရသလို၊ လှေစီးသွားလာသူများ စတင်ထွက်ခွာတဲ့ ပင်ရင်းနိုင်ငံကလည်း လုပ်ရမှာဖြစ်ပါတယ်။ ပထမဆုံးအဆင့်မှာ ကောင်စစ်တွေ့ဆုံမှုလို့ခေါ်တဲ့ ကောင်စစ်အရာရှိများ တွေ့ဆုံရန် နိုင်ငံခြားရေးဝန်ကြီးဌာနက ခွင့်ပြုပေးခြင်း၊ ရက်ညှိနှိုင်းခြင်း၊ ဒေသဆိုင်ရာ အာဏာပိုင်နှင့် ညှိနှိုင်းခြင်း၊ လှေစီးသွားလာသူများ ရောက်ရှိရာနေရာသို့ သွားရောက်ခြင်း၊ အသေးစိတ် အချက်အလက်များ မေးမြန်းခြင်းတို့ ပြုလုပ်ပါတယ်။ ရောက်ရှိနေတဲ့နိုင်ငံမှာ ဒီကိစ္စများ ဆောင်ရွက်ပြီး

နောက် ပင်ရင်းနိုင်ငံဘက်မှာလည်း ဆောင်ရွက်စရာများ ရှိပါတယ်။ ဥပမာအားဖြင့် ဒီအချက်အလက်များကို ကောင်စစ်အရာရှိများက သက်ဆိုင်ရာ မိမိနိုင်ငံခြားရေးဝန်ကြီးဌာနထံ သတင်းပို့တင်ပြခြင်း၊ သက်ဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးဌာနက အခြားသက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာနထံ ဆက်ပို့၍ လိပ်စာပါ ရပ်ကွက်/ကျေးရွာအဆင့်ထိ ဒေသန္တရအာဏာပိုင်များအထိစိစစ်မေးမြန်းခြင်း စတဲ့အဆင့်အထိ လုပ်ရပါတယ်။ အတည်ပြုချက်(သို့မဟုတ်)ကွဲလွဲချက်ကိုလည်း ဒီလမ်းကြောင်းအတိုင်းပဲ ပြန်လည်ပေးပို့ပြီး ပြန်လည်ခေါ်ယူမယ့် မိမိနိုင်ငံသားများကို အတည်ပြုကြပါတယ်။ ဒီလိုအတည်ပြုပြီးနောက် လက်တွေ့အမှန်တကယ် မည်သည့်နေ့ရက်၊ မည်သည့်လမ်းကြောင်းတို့ကခေါ်ဆောင်မယ်ဆိုတာကို သိရပါတယ်။ ဒီလုပ်ငန်းစဉ်များအတွက် ပုံမှန်ရက် မည်မျှကြာမည်ဆိုသည်ကို ပုံသေသတ်မှတ်ထားဖို့ အလွန်ခက်ပါတယ်။

တစ်ခုသေချာတာကတော့ မေလ(၂၁)ရက်နေ့မှာ ယာယီကယ်ဆယ်ခဲ့ပြီး ဒီနေ့ ဇွန်လ(၈)ရက်နေ့မှာပြန်လည်ပေးပို့ဖို့ စတင်နိုင်တဲ့ကိစ္စဆိုရင် စုစုပေါင်းအချိန် ၁၉ ရက်သာကြာခဲ့ပါတယ်။ ဒီလိုရက်အတွင်းမှာ ဆောင်ရွက်နိုင်တာဟာ မြန်မာနိုင်ငံတာဝန်ရှိသူများက ဖိဖိစီးစီးအာရုံစိုက်ဆောင်ရွက်ခဲ့တာရယ် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း အိမ်နီးချင်းနှစ်နိုင်ငံအကြားဖြစ်တတ်တဲ့ အခုလိုပြဿနာတွေ ကို အပြည့်အဝ ပူးပေါင်းဆောင်ခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။ ဒီလို ကယ်ဆယ်ထားတဲ့လူတွေကို မူရင်းနိုင်ငံပြန်ပို့ရာမှာ လွယ်ကူချောမွေ့စေဖို့ အသင့်လျော်ဆုံးနေရာကို ရွေးချယ်သွားဖို့လိုအပ်တာနဲ့အညီ မူရင်းနိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့အနီးဆုံးဖြစ်တဲ့ တောင်ပြိုလက်ဝဲစခန်းနဲ့ ယင်း အရပ်ဒေသ အနီးအနားနေရာတွေကိုရွှေ့ပြောင်းပြီး ယာယီစောင့်ရှောက်မှုပေးခဲ့ခြင်းပဲဖြစ်ပါတယ်။ ဒီလှေစီး ရွှေ့ပြောင်းသွားလာသူတွေနဲ့ပတ်သက်ပြီး နိုင်ငံတော်က ၂၀၁၅ ခုနှစ်၊ မေလ (၂၂)ရက်နေ့မှာ ပင်လယ်တွင်း တရားမဝင် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေးကော်မတီကို နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာနဲ့ ဖွဲ့စည်းပေးခဲ့ပါတယ်။ ဒုတိယသမ္မတ(၂)မှာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး စုစုပေါင်းအဖွဲ့ဝင်(၁၅)ဦးပါရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လုပ်ငန်းတာဝန်များနဲ့ မူဝါဒ ပိုင်းဆိုင်ရာ အခြေခံများကို ချမှတ်ခဲ့ပါတယ်။ သတင်းထုတ်ပြန်ချက်များကို လိုအပ်လာချိန်မှာ ထုတ်ပြန်ဖို့လည်း ညွှန်ကြားထားပါတယ်။

အဲဒီကော်မတီရဲ့ လုပ်ငန်းတာဝန်များထဲမှာ မြန်မာနိုင်ငံအပေါ် စွပ်စွဲဝေဖန်မှုများကို တုံ့ပြန်ဆောင်ရွက်ရန်၊ တရားမဝင်ရွှေ့ပြောင်းသွားလာမှု၊ လူမှောင်ခိုကူးမှု၊ လူကုန်ကူးမှုများတားဆီးရေးအတွက် ဝန်ကြီးဌာနများအလိုက် တာဝန်များကိုထိရောက်စွာ ဆောင်ရွက်ရန်၊ နိုင်ငံတကာအစည်းအဝေးများမှာ မြန်မာနိုင်ငံ၏ ရပ်တည်ချက်နဲ့ ဆောင်ရွက်ချက်များကို ရှင်းလင်းပြတ်သားစွာ ပြောကြားသွားရန်နဲ့ ပင်လယ်ပြင်အတွင်း ဒုက္ခရောက်နေသူများအား ကယ်ဆယ်သည့်လုပ်ငန်းစဉ်များ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဖြစ်စေရေး ကြပ်မတ်သွားရန်ဆိုတဲ့ အဓိကအချက်များ ပါရှိပါတယ်။ အကောင်အထည်ဖော်ရာမှာလည်း မိမိတို့ဝန်ကြီးဌာနအနေနဲ့ အခြေခံမူများကိုချမှတ်ဆောင်ရွက်လျက်ရှိရာ အချက်အချို့အချက်များကို ဖော်ပြရပါက ပထမအခြေခံမူအရ ပင်လယ်တွင်မျောပါ ဒုက္ခရောက်နေတဲ့ လှေစီးသွားလာသူများကို လူသားချင်းစာနာ ထောက်ထားမှုရှုထောင့်မှ ကယ်တင်ရန်အရေးပေါ် စားနပ်ရိက္ခာ၊ ဆေးဝါး စောင့်ရှောက်မှုများ ပြုလုပ်ရန် လိုအပ်ပါက ပြုလုပ်ပေးရန်ဖြစ်ပါတယ်။

ဒုတိယ အခြေခံမူကတော့ ကယ်ဆယ်ထားသူတွေနဲ့ပတ်သက်ပြီး မည်သည့်ပင်ရင်းနိုင်ငံမှ လာကြောင်း၊ မည်သည့်နိုင်ငံသားဖြစ်ကြောင်း လိုအပ်တဲ့စစ်ဆေးမှုများပြုလုပ်ရန် ဖြစ်ပါတယ်။ လိုအပ်ပါက အသင့်တော်ဆုံးဖြစ်တဲ့ကမ်းခြေပေါ်သို့ အခြေချလျက် ယာယီစောင့်ရှောက်မှုပေးရန်ဖြစ်ပါတယ်။ ပင်ရင်း နိုင်ငံနဲ့ ဆက်သွယ်ပြီး စိစစ်မှုများပြုလုပ်ရန်နဲ့ ပင်ရင်းနိုင်ငံသို့ အမြန်ဆုံးပို့ဆောင်ပေးရန် Repatriation ပြုလုပ်ရန် နိုင်ငံတော်တွင်းမည်သည့်နေရာ၌ ယာယီစောင့်ရှောက်မှုပြုရန်ဆိုသည်မှာ ပြန်လည် ပို့ဆောင်ရန် အနီးဆုံးနဲ့ အသင့်တော်ဆုံးနေရာကို ရွေးချယ်ချထားရန်ဖြစ်ပါတယ်။ တတိယမူက တော့ မိမိတို့က ယာယီလက်ခံသူများဖြစ်တဲ့အတွက် ပင်ရင်းနိုင်ငံသို့ပြန်လည်ပို့ဆောင်ရေးကို အမြန်ဆုံး သက်ဆိုင် ရာနိုင်ငံနဲ့ ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ပါတယ်။

စတုတ္ထမူကတော့ နိုင်ငံတော်အစိုးရနဲ့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွား နိုင်ငံတော်ရဲ့ နိုင်ငံတကာမျက်နှာစာမှာရှိတဲ့ အကျိုးစီးပွားတို့ကို အပြန်အလှန် အလေး အနက် စဥ်းစားချင့်ချိန် အကောင်းဆုံးဆောင်ရွက်ရန်ဖြစ်ပါတယ်။ ပဥ္စမနဲ့ နောက်ဆုံးမူကတော့ ယာယီ စောင့်ရှောက်စဥ် ကုန်ကျစရိတ်များ ပြန်လည်ပို့ဆောင်ဖို့အတွက် ကုန်ကျစရိတ်များကို ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ အလှူရှင်နိုင်ငံများနဲ့ ပူးပေါင်းပြီးကျခံသွားရန် ဖြစ်ပါတယ်။ အထက်ဖော်ပြပါအချက်များအရ နိုင်ငံတော်က အဖက်ဖက်က အကောင်းဆုံးဖြစ်အောင် စဥ်းစား ဆောင်ရွက်ပြီး လုပ်ငန်းတာဝန်များချမှတ်ခြင်း၊ ပြတ်သားတဲ့မူများချမှတ်ကာ ဆောင်ရွက်နေခြင်းဖြစ် ကြောင်း ဖော်ပြအပ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ယခုလို လက်ခံခဲ့မှုကိစ္စရပ်များကို အတိုင်းအတာတစ်ခု အထိသာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ လူမှောင်ခိုမှုကိစ္စများ ရပ်စဲစေရန် အစွမ်းကုန်မိမိတို့ ဆောင် ရွက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တင်ပြတဲ့ ဒီမူများဟာ အလွန်ထူးခြားတဲ့ အကြောင်းအရာများ၊ ဖြစ်ရပ်များ၊ မပေါ်ပေါက်ပါက ပြောင်းလဲရန်မရှိဘဲ ဆက်လက်ကျင့်သုံးသွားမှာဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ။** ။ ဆွေးနွေးဖို့ရှိသေးလား။

**အချိန်၊ ၁၁း၅၁။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ကျွန်တော် မကွေးတိုင်း ဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ အရေးကြီးအဆိုနဲ့ပတ်သက်ပြီး ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံတော်အနေနဲ့ လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ဖြစ်တာနဲ့အညီ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှာလည်း အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကုလသမဂ္ဂကွန်ဗင်းရှင်းမှာလည်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနဲ့ သဘောတူစာချုပ်များအပြင် ဒေသတွင်း အဖွဲ့အစည်းများ ဖြစ်တဲ့ အာဆီယံ၊ ဘင်းစတက်၊ ကော်မစ် စတဲ့ အခြား အာရှပစိဖိတ်ဒေသဆိုင်ရာ သဘောတူညီချက်များမှာလည်း စာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့မှာလည်း ကုလသမဂ္ဂအဖွဲ့ကြီး ကနေပြီးတော့ အကြမ်းဖက်မှုအပါအဝင် နိုင်ငံဖြတ်ကျော်မှု မှုခင်းများ တိုက်ဖျက်ရေးကွန်ဗင်းရှင်းရဲ့ နောက်ဆက်တွဲ စာချုပ်(၃)ခုကိုလည်း ပါဝင်ပြီးတော့ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် အာဆီယံအသင်းကြီးရဲ့ လုပ်ငန်းစဉ်နဲ့ ကွန်ဗင်းရှင်းများ ကိုလည်း အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးပြီး ဖြစ်ပါတယ်။ ဒါတွေကတော့ ဘာလီလုပ်ငန်းစဉ်၊ အာဆီယံအကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၊ ဘင်းစတက် အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှု မှုခင်းများဆိုင်ရာ တိုက်ဖျက်ရေး ကွန်ဗင်းရှင်း၊ မဲခေါင်ဒေသအတွင်း နိုင်ငံများ လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် လုပ်ငန်းစဉ်၊ အာရှဒေသတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေး စီမံကိန်းများ စတဲ့ အာဆီယံနိုင်ငံအတွင်း လုပ်ငန်းစဉ်နှင့် ကွန်ဗင်းရှင်းများကိုလည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်အတိုင်းလည်း ကျွန်တော်တို့ ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုကျင့်သုံးဆောင်ရွက်တဲ့အခါမှာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအနေနဲ့ မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ပြီးတော့ ဆောင်ရွက်တဲ့အပြင် ဒီကဏ္ဍကြီးမှာလည်း ကျွန်တော်တို့ စီမံကိန်းရေးဆွဲရာမှာလည်း ကဏ္ဍကြီး(၅)ခုကို ရေးဆွဲပြီးတော့ နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ၂၀၁၂ နှင့် ၂၀၁၄ ခုနှစ်အတွင်းမှာ လူကုန်ကူးမှု (၃၄၆)မှု၊ လူကုန်ကူးမှု တရားခံ ကျား(၃၃၈)ဦး၊ မ(၆၂၃)ဦး၊ စုစုပေါင်း(၉၆၁)ဦးကိုလည်း အရေးယူဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ နောက် လူကုန်ကူးမှုခံရတဲ့ ကျား(၂၅၉)ဦး၊ မ (၅၆၇)ဦး စုစုပေါင်း (၈၂၆)ဦးကိုလည်း ကယ်တင်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ဒီစီမံကိန်းပါ (၅)နှစ်စီမံကိန်းအတွင်း တွေ့ကြုံရတဲ့ အခက်အခဲတွေ၊ နောက် မဲခေါင်ဒေသတွင်း ကော်မစ်စီမံကိန်းအဖွဲ့ဝင်နိုင်ငံများအတွင်း ဖလှယ်ရရှိတဲ့သင်ခန်းစာတွေ၊ ကျွမ်းကျင်သူ ပညာရှင်တွေရဲ့ အကြံပြုချက်တွေ၊ နောက် မိမိနိုင်ငံအတွင်းမှာဖြစ်ပေါ်နေတဲ့ လူကုန်ကူးမှုပုံစံတွေ၊ ပြောင်းလဲဖြစ်ပေါ်မှု အခြေအနေတွေအပေါ် မူတည်ပြီးတော့လည်း မဟာဗျူဟာ၊ နည်းဗျူဟာ မူများကို လည်း ကျင့်သုံးပြီးတော့ ဆင့်ခြင်သုံးသပ် ကြိုးပမ်းဆောင်ရွက်လျက်လည်း ရှိပါတယ်။

ဒါ့အပြင် လူကုန်ကူးမှုနဲ့ တရားမဝင် ရွှေ့ပြောင်းသွားလာမှုအပေါ်တွင်လည်း အရေးယူ ဆောင်ရွက်မှုကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ နိုင်ငံတော်အတွင်းကို တရားမဝင် ဝင်ရောက်လာမှုများကို ၁၈၆၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာဥပဒေ၊ နောက် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေတို့နဲ့လည်း ကျွန်တော်တို့ အရေးယူ ဆောင်ရွက်လျက် ရှိပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါမှာ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်းကို ဝင်ရောက်လာတဲ့ အရေးယူ မှုပေါင်းကတော့ အမှုပေါင်း(၁၀၆)မှုမှ တရားမဝင်ဝင်ရောက်လာသူ ကျား(၉၇၂)ဦး၊ မ(၄၅)ဦး၊ စုစုပေါင်း(၁၀၁၇)ဦးနဲ့ တရားမဝင်ပို့ဆောင်သူ ကျား(၆၈)ဦး၊ မ(၇)ဦး၊ စုစုပေါင်း(၇၅)ဦးကိုလည်း တည်ဆဲ ဥပဒေများအရ အရေးယူဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် အခုဖြစ်စဉ်ဖြစ်ပွားတဲ့ မောင်တော မြို့နယ်၊ သဘော်ကွေ့ကျေးရွာ အနောက်ဘက် မြန်မာ့ရေပိုင်နက်အတွင်းမှာ ဘင်္ဂါလီလူမျိုး (၂၀၈)ဦးပါ မှောင်ခိုစက်လှေကို ၂၀၁၅ ခုနှစ်၊ မေလ (၂၁)ရက်နေ့မှာ တပ်မတော်ရေယာဉ်က တွေ့ရှိတဲ့အတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာလှေလုပ်သားနဲ့ တရားခံများကို စစ်ဆေးခဲ့ပါတယ်။ ဒီလို စစ်ဆေးချက်အရ စက်လှေပိုင်ရှင်သည် ထိုင်းနိုင်ငံသားဖြစ်တဲ့ ဥမင့် (ခ) ဗီမင့် (ခ) စိုးဝင်း (ခ)

နိုင်နုတ်ဖထွန်စံတွန်၊ ထိုင်းနိုင်ငံ ရနောင်းမြို့နေသူဖြစ်ကြောင်း သိရှိရတယ်။ ဒ့ါအပြင် ဘင်္ဂလားဒေ့ရှ် နိုင်ငံမှာရှိတဲ့ လူမှောင်ခိုမှုများနဲ့ ချိတ်ဆက်ပြီးတော့ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံကို လူမှောင်ခိုပို့ဆောင် နေသူ ဖြစ်ပြီးတော့ လက်ရှိထွက်ပြေးတိမ်းရှောင်နေတယ်။ အဓိက ထွက်ပြေးတိမ်းရှောင်တဲ့နေရာကတော့ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံဖြစ်ကြောင်း သိရှိရတဲ့အပြင် နောက် ဒီတရားခံနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံရဲတပ်ဖွဲ့တို့ ချိတ်ဆက်ပြီး သတင်းဖော်ထုတ်တဲ့အခါမှာ ဒီတရားခံ ထိုင်းနိုင်ငံသား စက်လှေပိုင်ရှင်သည် လူမှောင်ခိုဆောင်ရွက်တဲ့တရားခံကို မေလ(၂၉)ရက်နေ့မှာ မင်္ဂလာဒုံမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ မဟာနွယ်လက်ဖက်ရည်ဆိုင်မှာ ဖမ်းဆီးရမိခဲ့ပြီး ဖြစ်ပါတယ်။ နောက် ကွင်းဆက်များကိုလည်း ဖော်ထုတ်ပြီးတော့ လူမှောင်ခိုဖြစ်စဥ်နဲ့ပတ်သက်ပြီးတော့ ဖော်ထုတ်ပြီးတော့ အရေးယူမှုများ ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ပထမအကြိမ်၊ လှေ (၂)စီး တွေ့ရှိတဲ့ ဖြစ်စဥ်နဲ့ပတ်သက်ပြီးတော့ ၂၁-၅-၂၀၁၅ ရက်နေ့မှာ မောင်တောမှာ ဘင်္ဂါလီ(၈)ဦး၊ တောင်ပြိုလက်ဝဲမှာ (၂၀၀)ဦး၊ စုစုပေါင်း(၂၀၈)ဦးကို ထိန်းသိမ်းထားရှိပြီးတော့ ဒါကိုလည်း ခုနက နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တင်ပြဆွေးနွေးသလိုပဲ သံတမန်ရေးရာ စစ်ဆေးမှုများကိုဆောင်ရွက်ပြီးတော့ လ.ဝ.က ကလည်း လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်တွေကို စစ်ဆေးခဲ့ပြီး ဖြစ်ပါတယ်။

ဒ့ါအပြင် ဒုတိယအကြိမ် ၂၉-၅-၂၀၁၅ ရက်နေ့မှာ ထပ်မံတွေ့ရှိတဲ့ (၇၃၄)ဦး နဲ့ ပတ်သက်ပြီး တော့ မောင်တော/ကျီးကန်းပြင်မှာ (၂)ဦး ဖြစ်ပါတယ်။ ဒါကတော့ ကျန်းမာရေးမကောင်းတဲ့အတွက် ဆေးရုံတင်ထားခြင်း ဖြစ်ပါတယ်။ တောင်ပြိုလက်(ဝဲ)မှာတော့ အားလုံးပေါင်း (၂၀၄)ဦး ဖြစ်ပါတယ်။ နယ်စပ်မှတ်တိုင် (၃၇)မှာ (၅၂၈)ဦး၊ စုစုပေါင်း (၇၃၄)ဦးကို ကျွန်တော်တို့ စောင့်ရှောက်ထားပြီး ဖြစ်ပါတယ်။ အခု ထိန်းသိမ်းစောင့်ရှောက်ထားတဲ့အထဲမှာ ပထမအကြိမ် ထိန်းသိမ်း စောင့်ရှောက်တဲ့ အထဲကနေပြီးတော့ စိစစ်တဲ့အခါမှာ ဒီနေ့မှာပဲ တောင်ပြိုလက်(ဝဲ)မြို့မှာ ဘင်္ဂလားဒေ့ရှ် စံတော်ချိန် နံနက် (၁၀း၃၀)နဲ့ ကျွန်တော်တို့နိုင်ငံရဲ့ စံတော်ချိန် (၁၁း၃၀)နာရီမှာ အခုစိစစ်ပြီးတဲ့(၁၅၀)ဦး ကို လွှဲပြောင်းပေး အပ်ဖို့အတွက်ကို အခုလက်ရှိ တောင်ပြိုလက်(ဝဲ)မှာ ရောက်ရှိပြီးတော့ လွှဲပြောင်းလက်ခံရေး အခမ်းအနားကို ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ဆက်လက်ပြီးလည်း စိစစ်ရန်ကျန်တဲ့ ပထမအကြိမ်မှာ (၅၀)ဦးနဲ့ ဒုတိယအကြိမ်မှာ ရရှိတဲ့ (၇၃၄)ဦးကိုလည်း ဆက်လက်ပြီးတော့ စိစစ်ပြီးတော့ တကယ်လို့ သူတို့နိုင်ငံသားမှန်ရင်တော့ သူတို့နိုင်ငံ ကို ပြန်လည်ပြီးတော့ ဆက်လက်ပြီး လွှဲပြောင်းပေးသွားပါမယ်ဖြစ်ကြောင်း တင်ပြလိုပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဥ် ကို ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတကာစံချိန်စံညွှန်း၊ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၊ နောက်ဆက်တွဲစာချုပ်တွေ၊ နောက် အာဆီယံအသင်းကြီးရဲ့ လုပ်ငန်းစဥ်နဲ့ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ကျွန်တော်တို့ အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့ မိသားစုနိုင်ငံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နိုင်ရန်အတွက်ကို တာဝန်ရှိသူများ၊ တာဝန်ရှိမှုအနေနဲ့ လည်းကောင်း နောက် နိုင်ငံတကာ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးထားတဲ့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း သဘောတူစာချုပ်ပါ တာဝန်များ မချို့မယွင်း မပျက်မကွက်စေဘဲနဲ့ နိုင်ငံစံနှုန်းများနဲ့အညီ ညီညွတ်စေရန်အတွက် အမျိုးသားအကျိုးစီးပွားကို ထင်ဟပ်ဖော်ဆောင်စေမယ့်

ဆောင်ရွက်ချက်များကို နိုင်ငံတကာ မူဝါဒများ၊ ဥပဒေများနဲ့အညီ ပြတ်ပြတ်သားသား ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ**။ ။ ဆွေးနွေးဖို့ကျန်သေးလား။

**အချိန်၊ ၁၁း၅၇။**

**ဗိုလ်မှူးချုပ်အောင်သော် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ အဆိုနဲ့ပတ်သက်ပြီး တပ်မတော်အပိုင်းမှ ဆောင်ရွက်နေတဲ့ အကျဉ်းချုပ်အချက် သုံးချက်ကို တင်ပြပါမယ်။ (၁) တပ်မတော်ရဲ့ လုပ်ငန်းတာဝန်သုံးရပ်နဲ့ နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ပထမဦးစားပေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်ထားရှိပါတယ်။ နိုင်ငံတော် ကာကွယ်ရေးတာဝန် ဆိုသည်မှာ အမျိုးသားအကျိုးစီးပွား ကာကွယ်ရေးပါဝင်တယ်ဆိုတာ တင်ပြလိုပါတယ်။ (၂) ငြိမ်းချမ်းချိန်ကာလ တာဝန်များမှာ တရား ဥပဒေစိုးမိုးရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှု ယန္တရားများကို အထောက်အကူပြုဆောင်ရွက်ရန်ဟု ချမှတ်ပြီး တရားဥပဒေစိုးမိုးရေးနဲ့ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများကို အထောက်အကူပြုသည့် လုပ်ငန်းများကို လိုအပ်သလို လုပ်ဆောင်လျက်ရှိပါတယ်။ (၃) တပ်မတော်အနေနဲ့ မြန်မာ့ပိုင်နက် နယ်မြေအတွင်း လူမှောင်ခိုကူးမှုနှင့် တရားမဝင် ရွှေ့ပြောင်းသွားလာမှုများ ကာကွယ်တားဆီးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ စည်းမျဉ်းဥပဒေနဲ့အညီ အခြားသော ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် မိမိပိုင်နက်နယ်မြေအတွင်းတွင်လည်း လူသားချင်း စာနာထောက်ထားသောအားဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ အချုပ်အားဖြင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ၏ အဆိုပါ လှေစီးပြေး ရွှေ့ပြောင်းသူများကိစ္စနှင့် ဆက်စပ်ပြီး တပ်မတော်အနေနဲ့ ဖော်ပြပါ သတ်မှတ်တာဝန်များကို အစိုးရ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင် ဦးလှဆွေ က မိမိရဲ့အဆိုကို ရုပ်သိမ်းလိုခြင်း ရှိ/မရှိ တင်ပြရန် ဖြစ်သော်လည်း ခွင့်တင်ပြထားပါသဖြင့် အဆိုကို အတည်ပြုရန် လွှတ်တော် ကိုယ်စားလှယ်အားလုံးရဲ့ ဆန္ဒသဘောထားကို ရယူပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူသွားမှာဖြစ်ပါတယ်။

လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ထောက်ခံမဲများလျှင် ဦးလှဆွေရဲ့ အဆို အတည်ဖြစ်မှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် အဆိုကို အတည်မပြုကြောင်း ကြေညာမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင် ကြပါပြီ။

ထောက်ခံမဲ(၁၆၃) မဲ၊ ကန့်ကွက်မဲ (၃)မဲ၊ ကြားနေမဲမရှိ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးလှဆွေ ရဲ့ အရေးတကြီး အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၅၈) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၅၉) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂:၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၉)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၉ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၈)ရက်မြောက်နေ့ကို ၁၂း၀၂ နာရီအချိန်တွင် ရပ်နားပါသည်။]